# ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန်

## စာမေးပွဲ မေးခွန်းနှင့်စံပြအဖြေများ

## အုပ်စု(၃)မဇ္ဈိမနိကာယ်



### 📖၂။မဇ္ဈိမပဏ္ဏာသပါဠိတော်📖

ဗဟန်း.မဟာဝိသုဒ္ဓါရုံ

✍️အရှင်သီလဝံသာလင်္ကာရ(Y.S.O)✍️

ရန်ကုန်မြို့
ဒေါက်တာ ခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းမှ ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ
**အုပ်စု (၃) မဇ္ဈိမနိကာယ**
**မဇ္ဈိမပဏ္ဏာသ ပါဠိတော် မြန်မာပြန်**
၁၃၇၆-ခုနှစ်၊ နယုန်လဆန်း (၂) ရက်၊ (၃၀. ၅. ၂၀၁၄) သောကြာနေ့
ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

## မေးခွန်းနှင့် အဖြေ

၁။ လူက ကောက်ကျစ်၍ တိရစ္ဆာန်က ဖြောင့်မတ်ပုံကို ပေဿဆင်ထိန်းကြီး လျှောက်ထားသော စကားအရ ဖော်ပြ၍၊ ဒသမသူကြွယ်၏ အရှင်အာနန္ဒာအား လျှောက်ထားသော ဥပမာ ၂-ခုကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ အသျှင်ဘုရား လူတို့သည် ရှုပ်ပွေ လှပါ၏၊ အသျှင်ဘုရား တိရစ္ဆာန်တို့သည် ပေါ်လွင် လှပါ၏။ အသျှင်ဘုရား အကျွန်ုပ်သည် ဆင်ရိုင်းကိုသင်ကြား ဆုံးမ နိုင်သူ ဖြစ်ပါ၏၊ ဆင်ရိုင်းသည် စမ္ပာမြို့သို့ အသွားအပြန် ပြုလုပ်ရသည့် အချိန် အတွင်း၌ အလုံးစုံသော ထိုစဉ်းလဲ ကောက်ကျစ်မှုတို့ကို ထင်ရှားစွာ ပြုလုပ် ပြသပါ လတ္တံ့။ အသျှင်ဘုရား လူတို့သည်ကား အကျွန်ုပ်တို့၏ ကျေးကျွန် အစေခံ အလုပ်သမားတို့သည်ပင် ကိုယ်ဖြင့် တစ်မျိုး တစ်ဖုံပြုတတ် ကြပါ၏၊ နှုတ်ဖြင့် တစ်မျိုးတစ်ဖုံ ပြောတတ် ကြပါကုန်၏၊ လူတို့၏ စိတ်ကား တစ်မျိုး တစ်ဖုံသာဖြစ်ပါသည်။

(ပါ၊နှာ-၃။မြန်၊နှာ-၃။) (၅-မှတ်)

"အသျှင်ဘုရား အာနန္ဒာ တစ်ခုသော ရွှေအိုး၏ မျက်နှာဝကို ရှာသော ယောက်ျားသည် တစ်ကြိမ်တည်းသာလျှင် တစ်ဆယ့် တစ်လုံးသော ရွှေအိုးတို့၏ မျက်နှာဝတို့ကို ရရာ သကဲ့သို့။

အသျှင်ဘုရား ယောက်ျား တစ်ယောက်အား တံခါး တစ်ဆယ့် တစ်ပေါက် ရှိသော အိမ်သည်ရှိရာ၏၊ ထိုယောက်ျားသည် ထိုအိမ်ကို မီးလောင်သည် ရှိသော် တစ်ပေါက် ပေါက်သော တံခါးဖြင့်လည်းမိမိကိုယ်ကို ချမ်းသာအောင် ပြုခြင်းငှါ စွမ်းနိုင်ရာ သကဲ့သို့။ (ပါ၊နှာ-၁၅။မြန်၊နှာ-၁၈။) (၅-မှတ်)

၂။ ဥပါလိသုတ်လာ တောအတိဖြစ်သွားသော တိုင်းကြီးတို့ကို ယင်းသို့ ဖြစ်ရခြင်း၏ အကြောင်းနှင့်တကွ ဖော်ပြ၍၊ ဘုရားပြောသော စကား ၂-ခွန်းကို အကြောင်းနှင့်တကွ အဘယသုတ်လာအတိုင်း ရေးသားခဲ့ပါ။

ဖြေ။ အသျှင်ဘုရား မှန်ပါသည်၊ ဒဏ္ဍကီတိုင်း ကာလိင်္ဂတိုင်း မေဇ္ဈတိုင်း မာတင်္ဂတိုင်းကို တောအတိ ဖြစ်နေသည် ဟု ကြားဖူးပါ၏။

ရသေ့တို့၏ စိတ်ဆိုးခြင်းကြောင့် ထိုဒဏ္ဍကီတိုင်း ကာလိင်္ဂတိုင်း မေဇ္ဈတိုင်း မာတင်္ဂတိုင်းသည် တောအတိ ဖြစ်နေသည် ဟု ကြားဖူးပါ၏။ (ပါ၊နှာ-၄၁။မြန်၊နှာ-၄၆။) (၅-မှတ်)

ဟုတ်မှန်၏၊ အကျိုး စီးပွါးနှင့်လည်း စပ်၏၊ သူတစ်ပါးတို့ကား မနှစ်သက် မနှစ်မြို့က်၊ ထိုစကားမျိုး၌ မြတ်စွာဘုရားသည် အခါအားလျော်စွာ ပြောဆို၏။

ဟုတ်မှန်၏၊ အကျိုး စီးပွါးနှင့်လည်း စပ်၏၊ သူတစ်ပါးတို့လည်း နှစ်သက်၏ နှစ်မြို့က်၏၊ ထိုစကားမျိုး၌ မြတ်စွာဘုရားသည် အခါအားလျော်စွာ ပြောဆို၏။

ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ မင်းသား မြတ်စွာဘုရားအား သတ္တဝါတို့ကို အစဉ်သနားခြင်း ရှိသောကြောင့်တည်း။ (ပါ၊နှာ-၅၇။မြန်၊နှာ-၆၃။) (၅-မှတ်)

၃။ အတွင်းဝါယောဓာတ်တို့ကို ဖော်ပြ၍၊ မြင်းကောင်းအာဇာနည်တို့၏ "ထမ်းပိုးတပ် မြင်းကောင်းဘဝထက် ပို၍ ပြုလုပ်ရန် ကိစ္စ"တို့ကို ဘုရားဟောအတိုင်း ဖော်ပြခဲ့ပါ။

ဖြေ။ အဇ္ဈတ္တသန္တာန်၌ ဖြစ်သော ကိုယ်ကိုစွဲ၍ ဖြစ်သော ထောက်ပံ့ ခိုင်မာသောထောက်ပံ့ ခိုင်မာခြင်းသို့ ရောက်သော အကြင် ဥပါဒိန္နဓာတ် သဘောသည် ရှိ၏၊ ဤဥပါဒိန္နဓာတ်သဘောသည် အဘယ်နည်းဟူမူ-အထက်သို့ ဆန်တက်သောလေ၊ အောက်သို့ စုန်ဆင်းသောလေ၊ ဝမ်း၌တည်သောလေ၊ အူအတွင်း၌ တည်သောလေ၊ အင်္ဂါကြီးငယ်သို့ အစဉ် လျှောက်တတ်သော လေ၊ ထွက်သက်, ဝင်သက်လေ၊ ထို့အပြင် အဇ္ဈတ္တသန္တာန်၌ ဖြစ်သော ကိုယ်ကိုစွဲ၍ ဖြစ်သော ထောက်ပံ့ခိုင်မာသော ထောက်ပံ့ ခိုင်မာခြင်းသို့ ရောက်သော အခြား အလုံးစုံသော ဥပါဒိန္နဓာတ် သဘောသည်ရှိ၏၊ ရာဟုလာ ဤအလုံးစုံသော ဓာတ်သဘောကို အဇ္ဈတ္တသန္တာန်၌ ဖြစ်သော ဝါယောဓာတ် ဟူ၍ဆိုအပ်၏။ (ပါ၊နှာ-၈၅။မြန်၊နှာ-၉၃။) (၅-မှတ်)

ထိုမြင်းကို မြင်းဆရာသည် ထို့ထက် အလွန် ညှဉ်းဆဲမှုကို ပြုစေ ပြန်၏၊ ခုန်လွှားခြင်း၌ လည်းကောင်း၊ လုံးနေအောင် ပြေးခြင်း၌ လည်းကောင်း၊ ခွာဖျားထောက်၍ ပြေးခြင်း၌ လည်းကောင်း၊ ကောင်းစွာ ဆောင်နိုင်ခြင်း၌ လည်းကောင်း၊ မထိတ်မလန့် စစ်ပွဲသို့ ဝင်ခြင်း၌ လည်းကောင်း၊ မင်းသိစေရန်ဂုဏ်ပြု နိုင်ခြင်း၌ လည်းကောင်း၊ ရာဇဝင်တွင်အောင် ဆောင်ရွက်ခြင်း၌ လည်းကောင်း၊ အသာလွန်ဆုံးလျင်မြန်ခြင်း၌ လည်းကောင်း၊ အကောင်းဆုံးမြင်း ဖြစ်စေခြင်း၌ လည်းကောင်း၊ အသိမ်မွေ့ဆုံးသောစကားဖြင့် စေခိုင်းရခြင်း၌ လည်းကောင်း၊ ညှဉ်းဆဲမှုကို ပြုစေ၏၊ အသာလွန်ဆုံး လျင်မြန်ခြင်း၌လည်းကောင်း၊ အကောင်းဆုံး မြင်း ဖြစ်စေခြင်း၌ လည်းကောင်း၊ အသိမ်မွေ့ဆုံးသော စကားဖြင့် စေခိုင်းရခြင်း၌ လည်းကောင်း ညှဉ်းဆဲမှု အပြုခံရသော ထိုမြင်းအား အနည်း အကျဉ်းသော ဆိုးသွမ်းမှုကြမ်းတမ်းမှု လှုပ်ရှားမှုတို့သည် ဖြစ်ပေါ်လာ ကုန်သည် သာလျှင်တည်း။ (ပါ၊နှာ-၁၁၀။မြန်၊နှာ-၁၁၈။) (၅-မှတ်)

၄။ တောနေရဟန်းများ ကျင့်ဖွယ်တို့တွင် အစနှင့်အဆုံး ကျင့်စဉ် ၂-ရပ်ကို အကျဉ်းချုပ် ဖော်ပြ၍၊ "အရှုပ်တွေ လုပ်၍ အလုပ်ရှုပ်နေသူ" လူသား မိန်းမများ တရားထူးရနိုင်ကြောင်း ဝစ္ဆအား ဟောကြားချက်ဖြင့် အားတက်ဖွယ် ထုတ်နုတ်ဖော်ပြခဲ့ပါ။

ဖြေ။ တောကျောင်းနေ ရဟန်းသည်သီတင်းသုံးဖော်တို့၌ ရိုသေ လေးစားခြင်းရှိသည် ဖြစ်ရာ၏။

ငါ့သျှင်တို့ တောကျောင်းနေ ရဟန်းသည် လူတို့၏ ကုသိုလ် ကမ္မပထတရားထက် လွန်မြတ်သော(ဈာန်မဂ်ဖိုလ်) တရား၌ အားထုတ်ခြင်းကို ပြုအပ်၏။ ငါ့သျှင်တို့ တောကျောင်းနေ ရဟန်းကို လူတို့၏ကုသိုလ် ကမ္မပထတရားထက် လွန်မြတ်သော (ဈာန်မဂ်ဖိုလ်) တရား၌ အမေးပုစ္ဆာ မေးတတ်သောသူတို့သည် ရှိကုန်၏။ ငါ့သျှင်တို့ လူတို့၏ ကုသိုလ် ကမ္မပထတရားထက် လွန်မြတ်သော (ဈာန်မဂ်ဖိုလ်)တရား၌ အမေးပုစ္ဆာ မေးသည်ရှိသော် တောကျောင်းနေ ရဟန်းသည် အကယ်၍ ပြည့်စုံစွာ မဖြေဆိုနိုင်ငြားအံ့၊ ထိုရဟန်းအား "အရဟတ္တမဂ် ဟူသော ရဟန်းပြုခြင်း၏ အကျိုးကို မသိသော ဤအသျှင်အား တစ်ယောက်တည်း တောကျောင်း၌ ကိုယ်စိုး ကိုယ်ပိုင် နေသဖြင့် အဘယ် အကျိုး ရှိအံ့နည်း" ဟုပြောဆို ဖွယ်ရာတို့ ဖြစ်တတ်ကုန်၏။ ထို့ကြောင့် တောကျောင်းနေ ရဟန်းသည် လူတို့၏ ကုသိုလ်ကမ္မပထတရားထက် လွန်မြတ်သော (ဈာန်မဂ်ဖိုလ်) တရား၌ အားထုတ်ခြင်းကို ပြုအပ်၏။ (ပါ၊နှာ-၁၃၇။မြန်၊နှာ-၁၄၃-၁၄၆-၁၄၇။) (၅-မှတ်)

ဝစ္ဆ ဆရာ အဆုံးအမ၌ ယုံမှားခြင်းကို လွန်မြောက်ပြီးသည် ဖြစ်၍ သို့လော သို့လော တွေးတောခြင်း ကင်းသည် ဖြစ်၍ ရဲရင့်ခြင်းသို့ ရောက်သည် ဖြစ်၍ သူတစ်ပါးကြောင့် ယုံကြည်သူ မဟုတ်ဘဲမြတ်စွာဘုရား အဆုံးအမ၌ နေသော၊ ငါ၏ တပည့်မ ဖြစ်သော အဝတ်ဖြူကို ဝတ်၍ ကာမဂုဏ်ကိုခံစားလျက် အဆုံးအမအတိုင်း လိုက်နာသော၊ သွန်သင်သည့်အတိုင်း လိုက်နာသော လူဥပါသိကာမတို့သည် တစ်ရာ နှစ်ရာ သုံးရာ လေးရာ ငါးရာလည်းမက စင်စစ်အားဖြင့် လွန်စွာ များကုန်သည်သာတည်း ဟု (မိန့်တော်မူ၏)။

(ပါ၊နှာ-၁၅၉။မြန်၊နှာ-၁၆၉။) (၅-မှတ်)

၅။ မဟာသကုလုဒါယီသုတ်လာ ထင်ရှားကျော်ကြား လူကြိုက်များခဲ့သော ခေါင်းဆောင်ဆရာကြီးများကို ဖော်ပြ၍၊ ၎င်းတို့နှင့် တပည့်ကျော်များ ဆက်ဆံရေးကိုလည်း သိသာရုံ ဖော်ပြခဲ့ပါ။

ဖြေ။ "ဤပူရဏကဿပသည်တပည့် အပေါင်းနှင့်လည်း ပြည့်စုံ၏၊ ဂိုဏ်းနှင့်လည်း ပြည့်စုံ၏၊ ဂိုဏ်းဆရာလည်း ဖြစ်၏၊ ထင်ရှား၏၊ ကျော်စော၏၊ အယူဝါဒတီထွင်သူ ဖြစ်၏၊ သူတော်ကောင်း ဟု လူအများက သမုတ်ထားသူ ဖြစ်၏၊ ထိုပူရဏကဿပသည်လည်း တပည့်တို့၏ အရိုအသေ မခံရ အလေးစား မခံရ အမြတ်နိုး မခံရ အပူဇော် မခံရ။ ပူရဏကဿပကိုလည်း တပည့်တို့သည် အရိုအသေပြု၍ အလေးပြု၍ အမှီပြု၍ မနေကြကုန်။

"ဤမက္ခလိဂေါသာလသည်လည်း။ပ။ အဇိတကေသကမ္ဗလသည်။ ပကုဓကစ္စာယနသည်။ သဉ္စယဗေလဋ္ဌပုတ္တသည်။ နိဂဏ္ဌနာဋပုတ္တသည် . . .။

"ဤရဟန်း ဂေါတမသည်လည်း တပည့်အပေါင်းနှင့်လည်း ပြည့်စုံ၏၊ ဂိုဏ်းနှင့်လည်း ပြည့်စုံ၏၊ ဂိုဏ်းဆရာလည်း ဖြစ်၏၊ ထင်ရှား၏၊ ကျော်စော၏၊ အယူဝါဒတီထွင်သူ ဖြစ်၏၊ သူတော်ကောင်းဟု လူအများက သမုတ်ထားသူ ဖြစ်၏။ ထိုရဟန်းဂေါတမသည်ကား တပည့်တို့၏ အရိုအသေ ခံရ၏၊ အလေးပြု ခံရ၏၊ အမြတ်နိုး ခံရ၏၊ အပူဇော်ခံရ၏၊ ရဟန်းဂေါတမကိုလည်း တပည့်တို့သည် ရိုသေ၍ လေးစား၍ အမှီပြု၍ နေကြကုန်၏။

(ပါ၊နှာ-၁၉၇။မြန်၊နှာ-၂၀၇-၂၀၈-၂၀၉။) (၁၀-မှတ်)

၆။ အပြစ်မကင်းသော ကြံစည်မှု ၃-မျိုး, ၎င်းတို့၏ ဖြစ်ကြောင်း, ၎င်းတို့ချုပ်ရန် ကျင့်စဉ်တရားကို အကျဉ်းချုပ်၍ တင်ပြခဲ့ပါ။

ဖြေ။ မကောင်းသော အကြံတို့ ဟူသည် အဘယ်တို့နည်း။ လက်သမားကြီး ကာမဂုဏ် အကြံ၊ ဖျက်ဆီးမှု အကြံ၊ ညှဉ်းဆဲမှု အကြံ၊ ဤအကြံတို့ကို မကောင်းသော အကြံတို့ဟူ၍ဆိုရကုန်၏။

အဘယ်အကြောင်းကြောင့် ဖြစ်ကုန် သနည်း။ ထိုမကောင်းသော အကြံတို့၏ ဖြစ်ကြောင်းကိုလည်း ဟောထားပြီ။ အမှတ်အသားလျှင် ဖြစ်ကြောင်းရှိကုန်၏ ဟူ၍ ဆိုရ၏။

(ကာမဂုဏ် အမှတ်အသား၊ ဖျက်ဆီးမှု အမှတ်အသား၊ ညှဉ်းဆဲမှု အမှတ်အသား၊ ဤအမှတ်အသားကြောင့် မကောင်းသော အကြံတို့သည် ဖြစ်ကုန်၏။)

ဤသာသနာတော်၌ ရဟန်းသည် မဖြစ်ကုန် သေးသော အကုသိုလ် တရားတို့ကို မဖြစ်စေခြင်းငှါ ဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ ဝီရိယကို အားထုတ်၏၊ စိတ်ကို ချီးမြှောက်၏၊ ပြင်းစွာ အားထုတ်၏။ ဖြစ်ကုန်ပြီးသော အကုသိုလ် တရားတို့ကို ပယ်ခြင်းငှါ။ပ။ မဖြစ်ကုန်သေးသောကုသိုလ် တရားတို့ကို ဖြစ်စေခြင်းငှါ။ပ။ ဖြစ်ကုန်ပြီးသော ကုသိုလ် တရားတို့ကို တည်ခြင်းငှါ မပျောက်ပျက်ခြင်းငှါ အလွန် တိုးပွါးစေခြင်းငှါ ပြန့်ပြောခြင်းငှါ ပွါးများစေခြင်းငှါ ထက်ဝန်းကျင် ပြည့်စုံစေခြင်းငှါဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ ဝီရိယကို အားထုတ်၏၊ စိတ်ကို ချီးမြှောက်၏၊ ပြင်းစွာ အားထုတ်၏။ (ပါ၊နှာ-၂၁၉။မြန်၊နှာ-၂၃၁။) (၁၀-မှတ်)

၇။ ကျောင်းဆောင် အမိုးမလုံ၍ ယူခိုင်းတော်မူပုံ၊ ပြောပုံ၊ မိသားစုကြည်နူးမှု ဖြစ်ပုံများဖြင့် ဃဋိကာရ အိုးထိန်းသည်နှင့် ကဿပဘုရားရှင်တို့ ရင်းနှီးပုံကို စာပန်းချီချယ်သခဲ့ပါ။

ဖြေ။ ထိုအခါငါ၏ နေရာ ဂန္ဓကုဋီသည် မိုးမလုံချေ၊ မင်းကြီး ထိုအခါ ငါသည် ရဟန်းတို့ကို "ရဟန်းတို့ သွားကြကုန်၊ ဃဋိကာရ အိုးထိန်းသည်၏ အိမ်၌ မြက်သက်ငယ် (ရှိ၊ မရှိ) ကို သိကြ ကုန်လော့" ဟု မိန့်ခဲ့ဖူး၏။ မင်းကြီး ဤသို့ မိန့်သည် ရှိသော် ရဟန်းတို့သည် ငါ့ကို "အသျှင်ဘုရား ဃဋိကာရ အိုးထိန်းသည်၏အိမ်၌ မြက်သက်ငယ် မရှိပါ၊ သို့ရာတွင် ထိုအိုးထိန်းသည်၏ အလုပ်တဲ၌ မိုး၍ထားသော မြက်သက်ငယ်ရှိပါ၏" ဟု လျှောက်ထားကြကုန်ပြီ။ ရဟန်းတို့ သွားကြကုန်၊ ဃဋိကာရ အိုးထိန်းသည်၏ အလုပ်တဲကို အမိုးခွါ၍ ယူခဲ့ကြကုန်လော့ဟု (မိန့်ဆိုပြီ)။ မင်းကြီး ထိုအခါ ရဟန်းတို့သည် ဃဋိကာရ အိုးထိန်းသည်၏ အလုပ်တဲကို အမိုးခွါကြကုန်၏။ မင်းကြီး ထိုအခါ ဃဋိကာရ အိုးထိန်းသည်၏ အမိအဖတို့သည် ထိုရဟန်းတို့ကို "အဘယ် သူတို့သည် အလုပ်တဲကို အမိုးခွါကြကုန်သနည်း" ဟု မေးမြန်းကြကုန်၏။ အစ်မကြီး ရဟန်းတို့ပေတည်း၊ ပူဇော်အထူးကို ခံတော် မူထိုက်သော (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော ကဿပမြတ်စွာဘုရား၏ ဂန္ဓကုဋီသည် မိုးမလုံပါဟု (ပြောဆိုကြကုန်၏)။ အသျှင်ဘုရားတို့ ဆောင်ယူတော်မူကြပါကုန်လော့၊ မျက်နှာလှသော အသျှင်မြတ်တို့ဆောင်ယူတော် မူကြပါကုန်လော့ဟု (လျှောက်ကြကုန်၏)။

မင်းကြီး ထိုအခါ ဃဋိကာရ အိုးထိန်းသည်သည် အမိ အဖတို့ထံ ချဉ်းကပ်၍ အမိအဖတို့ကို "အဘယ် သူတို့သည် အလုပ်တဲကို အမိုးခွါကြကုန်ဘိသနည်း" ဟု မေးမြန်း၏။ ချစ်သား ရဟန်းတို့ပါတည်း၊ ပူဇော်အထူးကို ခံတော် မူထိုက်သော (အလုံးစုံသောတရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ကဿပမြတ်စွာဘုရား၏ ဂန္ဓကုဋီသည် မိုးမလုံသတတ် ဟု (ပြောဆိုကြကုန်၏)။ မင်းကြီးထိုအခါ ဃဋိကာရ အိုးထိန်းသည်အား "ငါ့အား အရတော်လေစွ တကား၊ ငါသည်ကောင်းစွာ ရအပ်ပေသည်တကား၊ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ကဿပမြတ်စွာဘုရားသည် ငါ့အား ဤသို့ အလွန်အကျွမ်း ဝင်တော် မူဘိ၏" ဟုအကြံ ဖြစ်၏။ မင်းကြီး ထိုအခါ ဃဋိကာရ အိုးထိန်းသည်အား တစ်ဆယ့်ငါးရက် ပတ်လုံး အမိအဖတို့အား ခုနစ်ရက် ပတ်လုံး ပီတိသုခ ဖြစ်လေသတည်း။ [ဤအဓိပ္ပါယ်မျိုး စုံလင်စွာ ရေးသားကလည်း အမှတ်ပေးရန်။] (ပါ၊နှာ-၂၄၃။မြန်၊နှာ-၂၅၄-၂၅၅။) (၁၀-မှတ်)

၈။ "အောက်ကျ နောက်ကျ"ဟု ဆိုကြရာ ယင်းသို့ မဖြစ်စေရန် သွန်သင်တော်မူခဲ့သည့် ကျင့်စဉ်နှင့် နောက်ကျသူ ဟူသည် အဘယ် ပုဂ္ဂိုလ်ကို ခေါ်ပါသနည်း? မဃဒေဝသုတ်လာ နိဂုံးစကားဖြင့် ရေးသားဖော်ပြခဲ့ပါ။

ဖြေ။ ဤအရိယမဂ် ဟူသည် အဘယ်နည်း- မှန်စွာ သိမြင်ခြင်း၊ မှန်စွာ ကြံစည်ခြင်း၊ မှန်စွာ ပြောဆိုခြင်း၊ မှန်စွာ ပြုလုပ်ခြင်း၊ မှန်စွာ အသက်မွေးခြင်း၊ မှန်စွာ အားထုတ်ခြင်း၊ မှန်စွာ အောက်မေ့ခြင်း၊ မှန်စွာတည်ကြည်ခြင်း တို့တည်း။

အာနန္ဒာ ယခုအခါ ငါထားခဲ့သော ဤကောင်းမြတ်သည့် ကျင့်ဝတ် တရားသည် စင်စစ် ကေနိ ငြီးငွေ့ခြင်းငှါ တပ်မက်မှု ကင်းခြင်းငှါ ချုပ်ငြိမ်းခြင်းငှါ ငြိမ်းအေးခြင်းငှါ အထူးသိခြင်းငှါ ထိုးထွင်း၍သိခြင်းငှါ နိဗ္ဗာန် အကျိုးငှါ ဖြစ်၏။ အာနန္ဒာ ငါသည် သင်တို့အား ထိုအရာကို ဤသို့ ဟောကြားပေအံ့၊ ငါထားခဲ့သော ဤကောင်းမြတ်သည့် ကျင့်ဝတ်အတိုင်း ဆက်လက် ကျင့်ကြကုန်လော့၊ သင်တို့သည် ငါ၏ အဆုံးစွန်သော ယောကျ်ားများ မဖြစ်ကြစေ ကုန်လင့်။

အာနန္ဒာ အန္တယ်အဆက် ယောကျ်ားကောင်း ဖြစ်ပါလျက် ဤသို့ သဘောရှိသော ကောင်းမြတ်သည့် ကျင့်ဝတ်တရား ပြတ်သူသည် ထိုသူတို့တွင် အဆုံးစွန်သော ယောကျ်ားဖြစ်ပေ၏။

(ပါ၊နှာ-၂၇၀။မြန်၊နှာ-၂၇၈။) (၁၀-မှတ်)

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

## မေးခွန်းနှင့် အဖြေ

၉။ "ခြွေ+ရံ" ဟူသော စကားအရ ဥစ္စာပေါများလွန်းက ရံတတ်ပုံ ၄-မျိုးကို ထုတ်ဖော်ဟောကြားခဲ့သော ပုဂ္ဂိုလ်, ၎င်းတရားကို နာကြားသော ပုဂ္ဂိုလ်, ဟောကြားခဲ့ရာ အရပ်တို့ကို ပြည့်စုံစွာ ဖော်ပြ၍၊ ဗောဓိမင်းသား၏ ပထမ, ဒုတိယသရဏဂုံတည်ရာ အရပ်တို့ကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ အသျှင်မဟာကစ္စည်း, မဓုရာပြည် ဂုန္ဒာမြေရင်းတော၌ သီတင်းသုံး နေတော်မူ၏။ အဝန္တိမင်း၏မြေး မဓုရာမင်း,

(ပါ၊နှာ-၂၇၀။မြန်၊နှာ-၂၇၉။) (၆-မှတ်)

အခါတစ်ပါး မြတ်စွာဘုရားသည် ကောသမ္ဗီပြည်ဃောသိတာရုံကျောင်း၌ သီတင်းသုံး နေတော်မူ၏။

[ထိုအခါ ကိုယ်ဝန်ဆောင် ဖြစ်သော ငါ၏ မယ်တော်သည် မြတ်စွာဘုရား အထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တစ်ခုသော နေရာ၌ထိုင်နေလျက် "အသျှင်ဘုရား အကျွန်ုပ်၏ ဝမ်းတိုက်ရှိ ဤသတို့သား၊ သို့မဟုတ် သတို့သမီးသည်အသျှင်ဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ တရားတော်မြတ်ကို လည်းကောင်း၊ ရဟန်းသံဃာအပေါင်းကို လည်းကောင်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ မြတ်စွာဘုရားသည် ထိုသူငယ်ကို ယနေ့ကို အစပြု၍ အသက်ထက်ဆုံး ကိုးကွယ်ရာဟူ၍ ဆည်းကပ်သော ဥပါသကာဟူ၍ မှတ်တော်မူပါလော့" ဟု လျှောက်ခဲ့ပြီ။] ဤသို့ဖြေလာလျှင်လည်း ပေးပါ။ မဖြေလည်းပေးပါ။

အခါတစ်ပါး မြတ်စွာဘုရားသည် ဘဂ္ဂတိုင်း သုသုမာရဂိရမြို့ဝယ် သားသမင်တို့ကို ဘေးမဲ့ပေးရာဖြစ်သော ဤပဲစင်းငုံ တော၌ပင်လျှင် သီတင်းသုံးနေတော်မူ၏။

(ပါ၊နှာ-၃၀၀။မြန်၊နှာ-၃၀၆။) (၄-မှတ်)

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

## မေးခွန်းနှင့် အဖြေ

၁၀။ အောက်ပါတို့ကို မှန်ကန်အောင် ဖြည့်ခဲ့၊ ပြင်ခဲ့ပါ။

နမော တဿဖြင့် ဥဒါန်းကျူးရှိခိုးသူ (------, -----) တို့ ဖြစ်ကြသည်။

မုခ (အဦးအစ) ၇-မျိုးကို (သေလပုဏ္ဏား၊ ကေဏိယရသေ့) အား ဟောကြားခဲ့သည်။

ကိုယ်ဝန်တည်ကြောင်း (၃, ၅, ၆) မျိုးရှိ၏။

ဝါသေဋ္ဌသုတ်ကို (-----------) မြို့ (-----------) တော၌ ဟောကြားခဲ့သည်။

ဖြေ။ ဗြဟ္မာယုပုဏ္ဏား, ဓနဉ္စာနီပုဏ္ဏေးမ (ပါ၊နှာ-၃၄၁။) (ပါ၊နှာ-၄၂၄။) (၄-မှတ်)

ကေဏိယရသေ့ (ပါ၊နှာ-၃၅၃။) (၂-မှတ်)

၃ (မျိုး) (ပါ၊နှာ-၃၆၃။မြန်၊နှာ-၃၆၇။) (၂-မှတ်)

ဣစ္ဆာနင်္ဂလနိဂုံး၊ ဣစ္ဆာနင်္ဂလတော (ပါ၊နှာ-၄၀၆။မြန်၊နှာ-၄၁၁။) (၂-မှတ်)

ရန်ကုန်မြို့
ဒေါက်တာ ခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းမှ ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

**အုပ်စု (၃) မဇ္ဈိမနိကာယ**

**မဇ္ဈိမပဏ္ဏာသ ပါဠိတော် မြန်မာပြန် အဖြေ**

ဒေါက်တာခင်ခင်ရီ
ပရိယတ္တိဖောင်ဒေးရှင်း

၁၃၇၇-ခုနှစ်၊ ပထမဝါဆိုလဆန်း (၇) ရက်၊ (၂၃. ၆. ၂၀၁၅) အင်္ဂါနေ့
ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

၁။ အသားမစားကောင်းခြင်း, စားကောင်းခြင်းနှင့် စပ်လျဉ်း၍ ဘုရားရှင် မိန့်ကြားအပ်သော စကားရပ်တို့ကို ဖော်ပြ၍၊ မကောင်းမှုပြုခြင်း၌ ဒဏ်ပညတ်သူနှင့် ကံပညတ်သူတို့ကို ပညတ်ချက်များနှင့်တကွ ဖော်ပြခဲ့ပါ။

ဖြေ။ မြင်ခြင်း၊ ကြားခြင်း၊ ယုံမှားခြင်းဟူသော ဤသုံးပါးသော အကြောင်းတို့ဖြင့် အသားမသုံးဆောင်ကောင်းဟူ၍ ငါဟောကြား၏၊ မမြင်ခြင်း၊ မကြားခြင်း၊ မယုံမှားခြင်းဟူသော ဤသုံးပါးသော အကြောင်းတို့ဖြင့် အသားကို သုံးဆောင်ကောင်း၏ဟူ၍ ငါဟောကြား၏။ နှာ၁၃၇။ ပိုဒ်-၅၂။ (၄) မှတ်

နာဋ၏သားနိဂဏ္ဌသည် မကောင်းမှုပြုခြင်း၌ မကောင်းမှုဖြစ်ခြင်း၌ ဒဏ်သုံးပါးတို့ကို ပညတ်ပါ၏၊ အဘယ်သုံးပါးတို့နည်းဟူမူ ကာယဒဏ်၊ ဝစီဒဏ်၊ မနောဒဏ်တို့တည်း။ နှာ၁၄၁။ ပိုဒ်-၅၆။ (၃) မှတ်။

မကောင်းမှုပြုခြင်း၌ မကောင်းဖြစ်ခြင်း၌ ကံသုံးပါးတို့ကို (ငါ) ဘုရားရှင်သည် ပညတ်၏၊ အဘယ်ကံသုံးပါးတို့နည်းဟူမူ ကာယကံ ဝစီကံ မနောကံတို့တည်း။ နှာ-၄၁။ ပိုဒ်-၅၇။ (၃) မှတ်။

၂။ ပရိယာယ်အားဖြင့် ဘုရားရှင် ဟောကြားထားသော တရားတော်များကို အချင်းချင်း ဆွေးနွေးတိုင်ပင်ရာ၌ လက်ခံခွင့်ပြုနိုင်ခဲ့သော် ရရှိလာနိုင်သည့် အကျိုးတရားများကို ပြဆို၍၊ ခွေးအကျင့်၌ မှားသောအယူအစွဲရှိသူ ရောက်နိုင်သည့် လားရာများကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ အာနန္ဒာ. . . ဤသို့ ပရိယာယ်အားဖြင့် ဟောကြားထားသည်ဖြစ်၍ အကြင်သူတို့သည် အချင်းချင်းဟောဆို ပြောပြသည်ကို ခွင့်ပြုနိုင်ကုန်ငြားအံ့၊ သဘောတူနိုင်ကုန်ငြားအံ့၊ ဝမ်းမြောက်နိုင်ကုန်ငြားအံ့၊ ထိုလူတို့အား ညီညွတ်ကုန်သည်ဖြစ်၍၊ ဝမ်းမြောက်ကုန်သည်ဖြစ်၍၊ မငြင်းခုံကုန်သည်ဖြစ်၍၊ နို့နှင့်ရေကဲ့သို့ တပေါင်းတည်း (တစ်သားတည်း) ဖြစ်ကုန်၍၊ အချင်းချင်း ချစ်ခင်နှစ်သက်သော မျက်စိတို့ဖြင့် ရှုကြည့်ကြကုန်လျက် နေကြရကုန်လတ္တံ့ ဟူသော ဤသဘောသာ ဧကန်ဖြစ်ရမည်။ နှာ-၆၅။ ပိုဒ်-၈၉။ (၅) မှတ်

ခွေးအကျင့်၌မှားသောအယူအစွဲရှိသူ၏ ၄ရဲ (သို့မဟုတ်) တိရစ္ဆာန်မျိုးဟူသော လားရာနှစ်မျိုးတို့တွင် တစ်မျိုးမျိုးသောလားရာကို ငါ (ဘုရားရှင်)ဆို၏။ နှာ-၅၆။ ပိုဒ်-၇၉။ (၅) မှတ်

၃။ (က) ကာမဂုဏ်ငါးပါးကို စွဲ၍ ဖြစ်ပေါ်လာသော သုခ၏ အမည်အမျိုးမျိုး၊ (ခ) ဈာန်လေးပါးသို့ ရောက်၍နေသူ၌ ဖြစ်ပေါ်လာသော သုခ၏ အမည်အမျိုးမျိုး၊ (ဂ) ပထမဈာန်၌ တုန်လှုပ်တတ်သောတရားများကို လဋုကိကောပမသုတ်နှင့် အညီ ဖော်ပြခဲ့ပါ။

ဖြေ။ (က) ဥဒါယိ. . . ဤငါးပါးသောကာမဂုဏ်တို့ကို စွဲ၍ အကြင်သုခ, သောမနဿသည် ဖြစ်၏၊ ဤသို့သဘော ရှိသော သုခကို ကာမသုခဟူ၍၊ မစင်နှင့်တူသော သုခဟူ၍၊ ပုထုဇဉ်သုခဟူ၍၊ အရိယာမဟုတ်သူတို့၏ သုခဟူ၍ ဆိုရ၏။ နှာ-၁၂၇။ ပိုဒ်-၁၅၅။ (၄) မှတ်

(ခ) ရဟန်းသည် ပထမဈာန်စသော ဈာန်လေးပါးသို့ ရောက်၍နေ၏၊ ထိုသို့သဘောရှိသော သုခကို ကာမမှ လွတ်မြောက်နေသော သုခဟူ၍၊ ကင်းဆိတ်သော သုခဟူ၍၊ ငြိမ်းအေးသော သုခဟူ၍၊ ကောင်းစွာသိမှုကို ဖြစ်စေနိုင်သော သုခဟူ၍ ဆိုရ၏။ နှာ-၁၂၇။ ပိုဒ်-၁၅၆။ (၄) မှတ်

(ဂ) ထိုပထမဈာန်၌ ဝိတက်ဝိစာရတို့သည် မချုပ်သေးကုန်၊ ထိုပထမဈာန်၌ ဤဝိတက်ဝိစာရသည်ပင် ထိုပထမဈာန်၌ တုန်လှုပ်တတ်သော တရားဖြစ်ပေ၏။ နှာ-၁၂၇။ ပိုဒ်-၁၅၆။ (၂) မှတ်။

၄။ သံဃာ့ဘောင်သို့ ရောက်၍ သံဃာ့ဘောင်၌ နေသော တောကျောင်းနေ ရဟန်း၌ ရှိသင့်ရှိထိုက်သော အရည်အချင်းတို့တွင် ရှေ့ဆုံးဆယ်ခုကိုသာ ဂေါလိယာနိသုတ်တော်မှ အကျဉ်းချုပ်၍ ထုတ်ဖော်ပြပါ။

ဖြေ။ ၁။ သံဃာ့ဘောင်သို့ရောက်၍ သံဃာ့ဘောင်၌နေသော တောကျောင်းနေရဟန်းသည် သီတင်းသုံးဖော်တို့၌ ရိုသေလေးစားခြင်းရှိသည် ဖြစ်ရာ၏။

၂။ "ဤသို့နေလျှင် မထေရ်ကြီးရဟန်းတို့ကို တိုးဝှေ့၍နေရာလည်းမရောက်၊ သီတင်းငယ်ရဟန်းတို့ကို နေရာဖြင့် တားမြစ်ရာလည်း မရောက်"ဟု နေရာ၌ လိမ္မာသည် ဖြစ်ရာ၏။

၃။ ဝတ်ကြီးဝတ်ငယ်ကို ဖြည့်ကျင့်ခြင်းဟူသော 'အာဘိသမာစာရိက'ကျင့်ဝတ်ကိုလည်း သိရမည်။

၄။ အလွန်စောစွာ ရွာသို့ မဝင်အပ်, နေမြင့်မှ မပြန်အပ်။

၅။ ဆွမ်းမစားမီလည်းကောင်း ဆွမ်းစားပြီးနောက်၌လည်းကောင်း ဒါယကာတို့အိမ်သို့ မလှည့်လည်အပ်။

၆။ စိတ်မလေလွင့်သည် မလျှပ်ပေါ်သည် ဖြစ်ရာ၏။

၇။ နှုတ်မကြမ်းသည် စကားဘောက်သောက်မပြောသည် ဖြစ်ရာ၏။

၈။ ဆိုဆုံးမလွယ်သည် အဆွေခင်ပွန်းကောင်းရှိသည်ဖြစ်ရာ၏။

၉။ ဣန္ဒြေတို့၌ လုံခြုံသောတံခါးရှိသည်ဖြစ်ရာ၏။

၁၀။ ဘောဇဉ်၌ အတိုင်းအရှည်ကို သိသည် ဖြစ်ရာ၏။ (၁၀) မှတ်

၅။ မဃဒေဝမင်းကြီး ငယ်ရွယ်ချိန်မှ စ၍ နတ်ရွာစံသည့်တိုင်အောင် နှစ်အပိုင်းအခြားအလိုက် ဘဝဖြတ်သန်းခဲ့ပုံကို ဖော်ပြ၍၊ နေမိမင်း၏ ဂုဏ်ပုဒ်များကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ အာနန္ဒာ. . . မဃဒေဝမင်းကြီးသည် အနှစ်ရှစ်သောင်းလေးထောင်တို့ကာလပတ်လုံး သူငယ်၏ ကစားခြင်းကို ကစား၏၊ အနှစ်ရှစ်သောင်းလေးထောင်တို့ကာလပတ်လုံး အိမ်ရှေ့မင်းပြု၏၊ အနှစ်ရှစ်သောင်းလေးထောင်တို့ ကာလပတ်လုံး မင်းပြု၏၊ အနှစ်ရှစ်သောင်းလေးထောင်တို့ကာလပတ်လုံး ဤမဃဒေဝသရက်ဥယျာဉ်၌သာလျှင် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်လျက် မြတ်သောအကျင့်ကို ကျင့်သုံး၏။ ထိုမဃဒေဝမင်းကြီးသည် ဗြဟ္မဝိဟာရ တရားလေးပါးတို့ကို ပွားများလျက် ခန္ဓာကိုယ်ပျက်စီး၍ သေသည်မှ နောက်၌ ဗြဟ္မာ့ပြည်သို့ လား၏။

နှာ-၂၇၂။ ပိုဒ်-၃၀၉။ (၅) မှတ်

နေမိမင်းသည် တရားစောင့်၏၊ တရားသဖြင့် မင်းပြု၏၊ တရား၌တည်၏၊ မြတ်သောမင်းဖြစ်၏၊ ပုဏ္ဏားနှင့် အမျိုးသားတို့၌လည်းကောင်း, နိဂုံးသူနိဂုံးသားတို့၌လည်းကောင်း, ဇနပုဒ်သူဇနပုဒ်သားတို့၌လည်းကောင်း တရားသဖြင့် ကျင့်၏၊ လဆန်းပက္ခ, လဆုတ်ပက္ခ၏ တစ်ဆယ့်လေးရက်မြောက်နေ့၌လည်းကောင်း, တစ်ဆယ့်ငါးရက်မြောက်နေ့၌ လည်းကောင်း, ရှစ်ရက်မြောက်နေ့၌လည်းကောင်း ဥပုသ်ကိုလည်း ကျင့်သုံး၏။ နှာ-၂၇၄။ ပိုဒ်-၃၁၂။ (၅) မှတ်

၆။ အင်္ဂုလိမာလမထေရ် ဆောင်သော ဓုတင်များကို ဖော်ပြ၍၊ ပိယဇာတိကသုတ်၌ ချစ်ခြင်းနှင့် စပ်လျဉ်း၍ ဘုရားအမြင်နှင့် တစ်ယောက်သော သူကြွယ်၏ အမြင်တို့ကို ပီပြင်အောင် ရေးသားဖော်ပြခဲ့ပါ။

ဖြေ။ အရှင်အင်္ဂုလိမာလသည် အာရညကင်ဓုတင်၊ ပိဏ္ဍပါတ်ဓုတင်၊ ပံသုကူဓုတင်၊ တိစီဝရိတ်ဓုတင်တို့ကို ဆောင်ပါသည်။ နှာ-၃၁၀။ ပိုဒ်-၃၅၁။ (၄) မှတ်

သူကြွယ်. . . ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာပင်ပန်းခြင်းတို့သည် ချစ်ခြင်းကြောင့် ဖြစ်ကုန်၏၊ ချစ်ခြင်းလျှင် အမွန်အစရှိကုန်၏-ဟု ဘုရား မိန့်တော်မူသည်။ (၃) မှတ်

အရှင်ဘုရား. . . ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာပင်ပန်းခြင်းတို့သည် ချစ်ခြင်းကြောင့် ဖြစ်ကုန်၏၊ ချစ်ခြင်းလျှင် အမွန်အစရှိကုန်၏-ဟု အဘယ်သူအား ဤသို့ဖြစ်လိမ့်မည်နည်း၊ အရှင်ဘုရား နှစ်သက်ခြင်း ဝမ်းမြောက်ခြင်းတို့သည်သာ ချစ်ခြင်းကြောင့် ဖြစ်ပေါ်ကုန်၏၊ ချစ်ခြင်းလျှင် အမွန်အစရှိကုန်၏-ဟု ပုဏ္ဏားသည် လျှောက်ထား၏။

နှာ-၃၁၄၊ ပိုဒ်-၃၅၃။ (၃) မှတ်။

၇။ ဓမ္မစေတိယသုတ်၌ ပသေနဒီကောသလမင်း၌ ရှိသေတုပ်ဝပ်ခြင်းမပြုသူ နှစ်ဦးတို့၏ အမည်ကို ၎င်းတို့၏ စည်းစိမ်အခွင့်အလမ်းများနှင့် တကွ ဖော်ပြ၍၊ ဘုရားရှင်နှင့် ပသေနဒီကောသလမင်းတို့၏ တူသုံးတူကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ လက်သမားများဖြစ်ကြသော ဣသိဒတ္တနှင့် ပုရာဏတို့သည် ငါ၏ထမင်းရိက္ခာကို စားကြကုန်၏၊ ငါ၏ယာဉ်ကို စီးကြကုန်၏၊ ငါသည် ထိုသူတို့၏ အသက်သခင်ဖြစ်၏၊ ငါသည် ထိုသူတို့အား စည်းစိမ်ကို ဆောင်နှင်းပေးထား၏၊ သို့ရာတွင် မြတ်စွာဘုရား၌ ရှိသေတုပ်ဝပ်ကြကုန်သကဲ့သို့ ငါ၌ ရှိသေတုပ်ဝပ်ခြင်းကို မပြုကုန်။

နှာ-၃၃၀။ ပိုဒ်-၃၇၃။ (၅) မှတ်။

မြတ်စွာဘုရားလည်း မင်းမျိုးဖြစ်၍ အကျွန်ုပ်သည် (ပသေနဒီကောသလမင်းသည်)လည်း မင်းမျိုးဖြစ်ပါ၏၊ မြတ်စွာဘုရားလည်း ကောသလတိုင်းသားဖြစ်တော်မူ၍ အကျွန်ုပ်လည်း ကောသလတိုင်းသား ဖြစ်ပါ၏၊ မြတ်စွာဘုရားသည် သက်တော်ရှစ်ဆယ်ရှိတော်မူ၍ အကျွန်ုပ်လည်း အသက်ရှစ်ဆယ်ရှိပါ၏။

နှာ-၃၃၀။ ပိုဒ်-၃၇၄။ (၅) မှတ်။

၈။ ကေဏိယရသေ့၏ အလှူပွဲ၌ ဝေယျာဝစ္စအဖွဲ့၏ လုပ်အားပေးပုံကို ဖော်ပြ၍၊ ထိုအလှူပွဲ၌ ဘုရားရှင်၏ ဆွမ်းအနုမောဒနာတရားကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ ကေဏိယရသေ့၏ မိတ်ဆွေခင်ပွန်းဆွေမျိုးသားချင်းတို့သည် ကေဏိယရသေ့၏ စကားကို နာယူကြပြီးလျှင် အချို့သူတို့သည် ဖိုခုံလောက် ကျင်းတူးကြကုန်၏၊ အချို့သူတို့သည် ထင်းခွဲကြကုန်၏၊ အချို့သူတို့သည် အိုးခွက်တို့ကို ဆေးကြောကြကုန်၏၊ အချို့သူတို့သည် သောက်ရေအိုးကြီးကို တည်ထားကြကုန်၏၊ အချို့သူတို့သည် နေရာတို့ကို ခင်းကျင်းကြကုန်၏၊ ကေဏိယသည်ကား ကိုယ်တိုင်သာလျှင် တန်ဆောင်ဝန်းကို ပြုစီရင်၏။

နှာ-၃၅၂။ ပိုဒ်-၃၉၆။ (၅) မှတ်

ယဇ်ပူဇော်ခြင်းတို့တွင် မီးကို လုပ်ကျွေးပူဇော်ခြင်းသည် အဦးအစဖြစ်၏၊ သာဝိတ္တိသည် ဆန်းကျမ်း၏ အဦးအစဖြစ်၏၊ လူတို့တွင် မင်းသည် ပဓာနဖြစ်၏၊ မြစ်တို့တွင် သမုဒ္ဒရာသည် ပဓာနဖြစ်၏၊ နက္ခတ်တို့တွင် လသည် ပဓာနဖြစ်၏၊ အပူတို့တွင် နေသည် ပဓာနဖြစ်၏၊ ကောင်းမှုကို အလိုရှိကုန်သော ပုဂ္ဂိုလ်တို့၏ ပူဇော်အပ်သော ပုဂ္ဂိုလ်တို့တွင် သံဃာသည် ပဓာနဖြစ်၏"ဟူသော အနုမောဒနာကို ပြုတော်မူသည်။

နှာ-၃၅၇။ ပိုဒ်-၄၀၀။ (၅) မှတ်

၉။ ပုဏ္ဏားကြီးတို့၏ ပြောစကားများနှင့် စပ်လျဉ်း၍ ဘုရားရှင်အား သုဘလုလင် ဖြေကြားအပ်သည့် ချီးမွမ်းထိုက်သော စကားများကို ဖော်ပြ၍၊ ကောသလတိုင်း၌ နေထိုင်ကြသော ပုဏ္ဏားသူဌေးကြီးများကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ အရှင်ဂေါတမ. . . လောကဝေါဟာရအားဖြင့် ပြောဆိုသောစကားသည် ချီးမွမ်းအပ်ပါ၏၊ အရှင်ဂေါတမ. . . နှိုင်းချိန်၍ ပြောဆိုအပ်သော စကားသည် ချီးမွမ်းအပ်ပါ၏၊ ဆင်ခြင်၍ ပြောဆိုအပ်သော စကားသည် ချီးမွမ်းအပ်ပါ၏၊ အကြောင်းခိုင်လုံစွာ ပြောဆိုသောစကားသည် ချီးမွမ်းအပ်ပါ၏။ နှာ-၄၂၄၊ ပိုဒ်-၄၆၇။ (၅) မှတ်။

ကောသလတိုင်း၌ စင်္ကီပုဏ္ဏား, တာရုက္ခပုဏ္ဏား, ပေါက္ခရသာတိပုဏ္ဏား, ဇာဏုသောဏိပုဏ္ဏား, တောဒေယျပုဏ္ဏား ဟူသော ပုဏ္ဏားသူဌေးကြီးတို့သည် နေထိုင်ကြပါသည်။ နှာ-၄၂၄။ ပိုဒ်-၄၆၇။ (၅) မှတ်။

၁၀။ အောက်ပါတို့ကို အသီးသီး ဖော်ပြပါ။

(က) အင်္ဂုလိမာလမထေရ်၏ မိဘတို့၏ အနွယ်အမည်၊

( ခ ) ပသေနဒီကောသလမင်း၏ နှမတော်များအမည်၊

( ဂ ) ဖြပ္ပာယုပုဏ္ဏားကြီး၏ အသက်၊

(ဃ) (ကျွန်းသား ကြက်ဆူသား-စသော) အလုံးစုံသော သစ်သားမီးတို့၏ တူညီချက်များ၊

( င ) ဘုရားရှင် နဠကပါနရွာ၌ နေစဉ် ရဟန်းပြုလာကြသော ရဟန်းတော်များ။

ဖြေ။ (က) အဖသည် ဂဂ္ဂအနွယ်ရှိ၍ အမိသည် မန္တာဏီအနွယ်ရှိ၏၊ နှာ-၃၁၀။ ပိုဒ်-၃၅၀။ (၂) မှတ်

(ခ) သောမာအမည်ရှိသော နှမတော်နှင့် သကုလာအမည်ရှိသော နှမတော်များဖြစ်ပါသည်။

နှာ-၃၃၁။ ပိုဒ်-၃၇၅။ (၂) မှတ်

(ဂ) ဖြပ္ပာယုပုဏ္ဏားသည် ရက်ချုပ်အားဖြင့် အသက်တစ်ရာ့နှစ်ဆယ်ရှိ၏။ နှာ-၃၆၄။ ပိုဒ်-၃၉၀။ (၂) မှတ်

(ဃ) (ကျွန်းသား ကြက်ဆူသားစသော) အလုံးစုံသောမီးသည် အလျှံရှိပါ၏၊ အဆင်းရှိပါ၏၊ အရောင်ရှိပါ၏၊ အလုံးစုံသောမီးဖြင့်ပင် မီးနှင့်ဆိုင်ရာကိစ္စကို ပြုခြင်းငှာ စွမ်းနိုင်ပါ၏။ နှာ-၃၉၉။ ပိုဒ်-၄၄၄။ (၂) မှတ်

(င) အရှင်အနုရုဒ္ဓါ၊ အရှင်ဘဒ္ဒိယ၊ အရှင်ကိမိလ၊ အရှင်ဘဂု၊ အရှင်ကောဏ္ဍည၊ အရှင်ရေဝတ၊ အရှင်အာနန္ဒာ ဤသို့ထင်ရှားကုန် ထင်ရှားကုန်သော များစွာကုန်သော အမျိုးကောင်းသားတို့သည် မြတ်စွာဘုရားကို ရည်စူး၍ သဒ္ဓါတရားဖြင့် လူ့ဘောင်မှ ရဟန်းဘောင်၌ ရဟန်းပြုကြကုန်၏။ နှာ-၁၃၅။ ပိုဒ်-၁၆၆။ (၂) မှတ်။

ဒေါက်တာခင်ခင်ရီ
ပရိယတ္တိဖောင်ဒေးရှင်း

ရန်ကုန်မြို့
ဒေါက်တာ ခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းမှ ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

**အုပ်စု (၃) မၛ္ဈိမနိကာယ**

**မၛ္ဈိမပဏ္ဏာသ ပါဠိတော် မြန်မာပြန် မေးခွန်း နှင့် အဖြေ**

၁၃၇၈-ခုနှစ်၊ နယုန်လပြည့်ကျော် (၂) ရက်၊ (၂၂. ၆. ၂၀၁၆) ဗုဒ္ဓဟူးနေ့
ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

မေး၁။ သေခသုတ်တော်၌ ဘုရားရှင်နှင့် သံဃာတော်များ နေရာယူ ထိုင်နေပုံကို ဖော်ပြ၍၊ ဘုရားရှင်၏ ကျိန်းစက်ပုံ ကျိန်းစက်နည်းကိုလည်း တိကျစွာ ဖော်ပြခဲ့ပါ။

ဖြေ။ ဘုရားရှင်သည် အလယ်တိုင်ကို မှီလျက် အရှေ့အရပ်သို့ မျက်နှာမူကာ ထိုင်တော်မူ၏၊ ရဟန်းသံဃာသည်လည်း ခြေဆေး၍ မင်းကွန်းသို့ ဝင်ပြီးသော် အနောက်ဖက်နံရံကို မှီလျက် အရှေ့အရပ်သို့ မျက်နှာမူကာ မြတ်စွာဘုရားကို သာလျှင် ရှေ့ထား၍ ထိုင်နေ၏။ [၅-မှတ်] (မြန်၊၁၉။)

မြတ်စွာဘုရားသည် လေးထပ်ခေါက်သော သင်္ကန်းကြီးကို ခင်းပြီးလျှင် လက်ျာနံတောင်းဖြင့် လက်ျာခြေတော်၌ လက်ဝဲခြေတော်ကို စဉ်းငယ်လွန်ကာ တင်ထား၍ အောက်မေ့ခြင်းသတိ ဆင်ခြင်ခြင်း သမ္ပဇဉ်နှင့် ပြည့်စုံသည် ဖြစ်၍ ထအံ့ဟု အမှတ်သညာကို နှလုံးသွင်းလျက် မြတ်သော အိပ်ခြင်းကို ပြုတော်မူ၏။ [၅-မှတ်] (မြန်၊၂၀။)

မေး၂။ ရဟန်းတော်များက တစ်စုံတစ်ခုသော ပြဿနာကို မေးမြန်းလာခဲ့သော် ဘုရားရှင်သည် အဖြေကို ကြိုတင်ကြံစည်ထားခြင်း ရှိ/မရှိ အကြောင်းသွင်းကာ ရှင်းလင်းပြ၍၊ မြေကြီးနှင့်တူစွာ ဘာဝနာပွားများပုံကိုလည်း မဟာရာဟုလောဝါဒသုတ်တော်အရ ဖော်ပြခဲ့ပါ။

ဖြေ။ ရဟန်းတော်များ ပြဿနာမေးမြန်းလာရာ၌ ကြိုတင်ကြံစည်ထားခြင်း မရှိပါ၊ တခဏချင်းဖြင့်ပင် ထိုပြဿနာ၏ အဖြေသည် မြတ်စွာဘုရား၏ ဉာဏ်ထဲမှာပင် ထင်မြင်၍ လာ၏၊ ထိုသို့ ဖြစ်ခြင်းသည် အဘယ်ကြောင့်နည်း၊ မြတ်စွာဘုရားသည် ဓမ္မဓာတ် (သဗ္ဗညုတဉာဏ်)ကို ထိုးထွင်းသိထား၏၊ ယင်းဓမ္မဓာတ် (သဗ္ဗညုတဉာဏ်)ကို ထိုးထွင်း၍ သိထားသောကြောင့် တခဏချင်းဖြင့်ပင် ထိုပြဿနာ၏အဖြေသည် မြတ်စွာဘုရား၏ ဉာဏ်ထဲမှာ ထင်မြင်၍ လာပါသည်။ [၅-မှတ်] (မြန်၊၆၄။)

ရာဟုလာ ဥပမာသော်ကား မြေကြီး၌ စင်ကြယ်သော ဝတ္ထုကိုလည်း ပစ်ချကုန်၏၊ မစင်ကြယ်သော ဝတ္ထုကိုလည်း ပစ်ချကုန်၏၊ ကျင်ကြီးကိုလည်း ပစ်ချကုန်၏၊ ကျင်ငယ်ကိုလည်း ပစ်ချကုန်၏၊ တံတွေးကိုလည်း ပစ်ချကုန်၏၊ ပြည်ကိုလည်း ပစ်ချကုန်၏၊ သွေးကိုလည်း ပစ်ချကုန်၏၊ မြေကြီးသည် ထိုစင်ကြယ်သော ဝတ္ထု၊ မစင်ကြယ်သော ဝတ္ထုဖြင့် ငြီးငွေ့ ရွံရှာ စက်ဆုပ်မှုမဖြစ်၊ ရာဟုလာ မြေကြီးနှင့်တူစွာ ဘာဝနာကို ပွားများသော သင့်အား ဖြစ်ပေါ်လာကုန်သော နှစ်သက်ဖွယ် မနှစ်သက်ဖွယ် အတွေ့တို့သည် စိတ်ကို သိမ်းကျုံး၍ မတည်နိုင်ကုန်လတ္တံ့။

[၅-မှတ်] (မြန်၊၉၄။)

မေး၃။ "အစားများ အဆိပ်ဖြစ်"ဟူသော အဆိုအရ အဆိပ်မဖြစ်အောင် အစာစားခြင်းနှင့် စပ်လျဉ်း၍ ဘုရားမိန့်ကြားချက် စကားကို ဘဒ္ဒါလိသုတ်တော်အရ ဖော်ပြ၍၊ ညစာစားမှုကို အဘယ်ကို ရှုမျှော်လျက် ရဟန်းတော်များ ပယ်စွန့်ခဲ့ကြပါသနည်း? လဋုကိကောပမာသုတ်တော်အရ ဖြေဆိုပါ။

ဖြေ။ "ရဟန်းတို့. . . ငါသည်ကား တစ်ထပ်တည်းသော အစာကို စား၏၊ ရဟန်းတို့ ငါသည် တစ်ထပ်တည်းသော အစာကို စားသည်ရှိသော် အနာကင်းသော အဖြစ်ကိုလည်းကောင်း၊ ကြောင့်ကြကင်းသော အဖြစ်ကိုလည်းကောင်း၊ လျင်စွာထနိုင်သော အဖြစ်ကိုလည်းကောင်း၊ အားရှိသည်၏ အဖြစ်ကိုလည်းကောင်း၊ ချမ်းသာစွာ နေရခြင်းရှိသည်ကိုလည်းကောင်း သိရ၏၊ ရဟန်းတို့ လာကြကုန်လော၊ သင်တို့သည်လည်း တစ်ထပ်တည်းသော အစာကို စားကြကုန်လော၊ ရဟန်းတို့ သင်တို့သည်လည်း တစ်ထပ်တည်းသော အစာကို စားကြကုန်သည်ရှိသော် အနာကင်းသော အဖြစ်ကိုလည်းကောင်း၊ ကြောင့်ကြကင်းသော အဖြစ်ကိုလည်းကောင်း၊ လျင်စွာထနိုင်သော အဖြစ်ကိုလည်းကောင်း၊

အားရှိသည်၏အဖြစ်ကိုလည်းကောင်း၊ ချမ်းသာစွာနေရခြင်းရှိသည်ကိုလည်းကောင်း သိကြကုန်လတ္တံ့”ဟု မိန့်တော်မူပါသည်။ [၅-မှတ်] (မြန်၊၁၀၈။)

အရှင်ဘုရား အကျွန်ုပ်တို့သည် မြတ်စွာဘုရား၌ ချစ်ခြင်း၊ ရိုသေခြင်း၊ ရှက်ခြင်း၊ ကြောက်ခြင်းတို့ကို ကောင်းစွာရှုမြင်လျက် ဤသို့လျှင် ညဥ့်အခါစားခြင်းကို ပယ်ကြပါကုန်၏။ [၅-မှတ်] (မြန်၊၁၂၀။)

မေး၄။ ဘုရားသာသနာတော်၌ ကျွတ်တမ်းဝင်သူ များစွာ ရှိကြောင်း အရှင်အာနန္ဒာ၏ ပြောဆိုစကားကို ကြားရသော သန္ဒကပရိဗိုဇ်၏ သာသနာတွင်း, သာသနာပတို့အပေါ်၌ ရှုမြင်သုံးသပ်ချက်တို့ကို ဖော်ပြပါ။

ဖြေ။ အရှင်ဘုရား. . . အာနန္ဒာ အံ့ဩဖွယ်ရှိလေစွ၊ အဖြစ်ဘူးမြဲ ဖြစ်ပါလစ္စ၊ မိမိတရားကို မမြှောက်တင်၊ သူတစ်ပါးတရားကို မနှိမ်ချဘဲ ရှိတုံဘိ၏၊ ရှည်ရှည်လျားလျား တရားဟောခြင်းသာ ဖြစ်တုံဘိ၏၊ ထိုမျှလောက် များပြားသောကျွတ်တမ်းဝင်သူတို့သည်လည်း ထင်ရှားကုန်ဘိ၏၊ သားသေမိခင်၏ သားဖြစ်သော ဤအာဇီဝကတို့သည် မိမိကိုယ်ကိုလည်း ချီးမြှောက်တတ်ကုန်၏၊ သူတစ်ပါးကိုလည်း ရှုတ်ချတတ်ကုန်၏၊ ကျွတ်တမ်းဝင်သူ သုံးယောက်တို့ကိုသာပြကုန်၏၊ ဤသူတို့ကား နန္ဒဝစ္ဆ၊ ကိသသံကိစ္စ၊ မက္ခလိဂေါသာလတို့ပေတည်း။[၁၀-မှတ်] (မြန်၊၂၀၅။)

မေး၅။ ပဥ္စကင်္ဂလက်သမားကြီး မနှစ်သက်အပ် မပစ်ပယ်အပ်ခဲ့သော ဥဂ္ဂါဟမာနပရိဗိုဇ်၏ ပညတ်ချက်ကို ဖော်ပြ၍၊ ပြည့်စုံ၍ မြတ်သောကုသိုလ်ရှိသော ဝါဒစစ်ထိုး၍ မရနိုင်သော ရဟန်းဟု ပညတ်နိုင်ရန် ပြည့်စုံရမည့် အင်္ဂါ (၁၀)ပါးကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ “သူကြွယ်လောက၌ ကိုယ်ဖြင့် မကောင်းမှုကို မပြု၊ မကောင်းသော စကားကို မဆို၊ မကောင်းသော အကြံကို မကြံ၊ မကောင်းသော အသက်မွေးမှုဖြင့် အသက်မမွေး၊ သူကြွယ် ငါသည် ဤလေးပါးသော တရားနှင့် ပြည့်စုံသော ယောကျ်ားပုဂ္ဂိုလ်ကို ပြည့်စုံသော ကုသိုလ်ရှိသူ၊ မြတ်သော ကုသိုလ်ရှိသူ၊ မြတ်သော သူတို့သာ ရောက်သင့်သော နေရာသို့ ရောက်သူ၊ ဝါဒစစ်ထိုး၍ မရနိုင်သူ ရဟန်းဟူ၍ ပညတ်၏”ဟု ဆို၏။ [၅-မှတ်] (မြန်၊၂၂၈။)

ဤသာသနာတော်၌ ရဟန်းသည် ရဟန္တာတို့၏ မှန်ကန်သော အယူနှင့် ပြည့်စုံ၏၊ ရဟန္တာတို့၏ မှန်ကန်သော အကြံနှင့် ပြည့်စုံ၏၊ ရဟန္တာတို့၏ မှန်ကန်သော စကားနှင့် ပြည့်စုံ၏၊ ရဟန္တာတို့၏ မှန်ကန်သော အမှုနှင့် ပြည့်စုံ၏၊ ရဟန္တာတို့၏ မှန်ကန်သော အသက်မွေးမှုနှင့် ပြည့်စုံ၏၊ ရဟန္တာတို့၏ မှန်ကန်သော အားထုတ်မှုနှင့် ပြည့်စုံ၏၊ ရဟန္တာတို့၏ မှန်ကန်သော အောက်မေ့မှုနှင့် ပြည့်စုံ၏၊ ရဟန္တာတို့၏ မှန်ကန်သော တည်ကြည်မှုနှင့် ပြည့်စုံ၏၊ ရဟန္တာတို့၏ မှန်ကန်သော ဉာဏ်နှင့် ပြည့်စုံ၏၊ ရဟန္တာတို့၏ မှန်ကန်သော လွတ်မြောက်မှုနှင့် ပြည့်စုံ၏၊ ဤဆယ်ပါးသော တရားနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို ပြည့်စုံသော ကုသိုလ်ရှိသူ မြတ်သော ကုသိုလ်ရှိသူ၊ မြတ်သော ပုဂ္ဂိုလ်တို့သာ ရောက်သင့်သော နေရာသို့ ရောက်သူ ဝါဒစစ်ထိုး၍ မရနိုင်သူ ရဟန်းဟူ၍ ပညတ်၏ဟု မိန့်တော်မူ၏။ [၅-မှတ်] (မြန်၊၂၃၂။)

မေး၆။ အနှစ်သာရအားဖြင့် မယုံကြည်ထိုက်သော စကား, ယုံကြည်ထိုက်သော စကားတို့နှင့် စပ်လျဉ်း၍ ပဿေနဒီကောသလမင်း၏ ပြောဆိုချက်ကို ဖော်ပြ၍၊ ပညာရှိများ ကဲ့ရဲ့အပြစ်တင်ထိုက်သော ကိုယ်ကျင့်တရားကိုလည်း အရှင်အာနန္ဒာ ဖြေကြားချက်အတိုင်း ပြည့်စုံစွာ ဖော်ပြပါ။

ဖြေ။ “အရှင်ဘုရား မိုက်ကုန် မလိမ္မာကုန်သော သူတို့သည် မစူးစမ်းကြ မဆင်ခြင်ကြကုန်မူ၍ သူတစ်ပါးတို့၏ ဂုဏ်ကိုလည်းကောင်း၊ ဂုဏ်ကျေးဇူးမဲ့ကိုလည်းကောင်း ပြောဆိုတတ်ကြကုန်၏၊ အကျွန်ုပ်တို့သည် ထိုသို့ပြောဆိုသော စကားကို အနှစ်သာရအားဖြင့် မယုံကြည်ကြပါကုန် အရှင်ဘုရား ပညာရှိကုန် လိမ္မာကုန် ထိုးထွင်းဉာဏ်ရှိကုန်သော သူတို့သည် စူးစမ်းဆင်ခြင်၍ သူတစ်ပါးတို့၏ ဂုဏ်ကိုလည်းကောင်း၊ ဂုဏ်ကျေးဇူးမဲ့ကိုလည်းကောင်း ပြောဆိုကြကုန်၏၊ အကျွန်ုပ်တို့သည် ထိုပညာရှိတို့ ပြောဆိုသော စကားကို အနှစ်သာရအားဖြင့် ယုံကြည်ကြပါကုန်၏။

[၅-မှတ်] (မြန်၊၃၂၀။)

မကောင်းသော ကိုယ်ကျင့်တရား၊ အပြစ်ရှိသော ကိုယ်ကျင့်တရား၊ ဆင်းရဲနှင့်တကွ ဖြစ်သော ကိုယ်ကျင့်တရား၊ ဆင်းရဲသော အကျိုးကို ဖြစ်စေတတ်သော ကိုယ်ကျင့်တရား၊ မိမိဆင်းရဲရန်၊ သူတစ်ပါး ဆင်းရဲရန် နှစ်ပါးစုံ ဆင်းရဲရန်ဖြစ်သည့်အပြင် ထိုပုဂ္ဂိုလ်အား အကုသိုလ်တရားများ တိုးပွား၍ ကုသိုလ်တရားတို့ ဆုတ်ယုတ်ခြင်း သဘောရှိသည့်တရားမျိုးသည် ပညာရှိတို့ ကဲ့ရဲ့ထိုက်သော ကိုယ်ကျင့်တရား ဖြစ်သည်။ [၅-မှတ်] (မြန်၊၃၂၁။)

မေး၇။ ယောဠမုခပုဏ္ဏားအား ဥဒေနမထေရ် ပြောပြသော ပရိသတ်နှစ်မျိုးကို ဖော်ပြ၍၊ သူတစ်ပါးကို ပူပန်ဆင်းရဲစေတတ်သော သူတစ်ပါးကို ပူပန်ဆင်းရဲစေမှုကို အဖန်ဖန် ပြုကျင့်အားထုတ်သော ပုဂ္ဂိုလ်ကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ ပုဏ္ဏား ဤလောက၌ အချို့သော ပရိသတ်သည် ပတ္တမြားနားတောင်းတို့၌ ပြင်းစွာ တပ်ခြင်းဖြင့် တပ်နှစ်သက်ကုန်သည်ဖြစ်၍ သားမယား ကျွန်မိန်းမ ကျွန်ယောကျ်ား လယ်ယာရွှေငွေတို့ကို ရှာမှီး၏၊ ပုဏ္ဏား ဤလောက၌ အချို့သော ပရိသတ်သည် ပတ္တမြားနားရွှေင်းတို့၌ ပြင်းစွာ တပ်ခြင်းဖြင့် မတပ် မနှစ်သက်ကုန်သည်ဖြစ်၍ သားမယား ကျွန်မိန်းမ ကျွန်ယောကျ်ား လယ်ယာရွှေငွေတို့ကို ပယ်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၏၊ ဤနှစ်မျိုးတို့ ဖြစ်ပါသည်။

[၅-မှတ်] (မြန်၊၃၇၀။)

ပုဏ္ဏား ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် သိုးသတ်သမားဖြစ်၏၊ ဝက်သတ်သမားဖြစ်၏၊ ငှက်သတ်သမားဖြစ်၏၊ သားသတ်သမား ဖြစ်၏၊ ကြမ်းကြုတ်၏၊ တံငါသည် ဖြစ်၏၊ ခိုးသူဖြစ်၏၊ ခိုးသူသတ်သမား ဖြစ်၏၊ နွားသတ်သမားဖြစ်၏၊ ထောင်ပိုင်အာဏာမှူး အာဏာသားဖြစ်၏၊ ထိုမှ တစ်ပါး ကြမ်းကြုတ်သော အမှုတို့ကို ပြုလုပ်သူ အားလုံးတည်း၊ ပုဏ္ဏား ဤပုဂ္ဂိုလ်မျိုးကို သူတစ်ပါးကို ပူပန်ဆင်းရဲစေတတ်သော သူတစ်ပါးကို ပူပန်ဆင်းရဲစေမှုကို အဖန်တလဲလဲ ပြုကျင့်အားထုတ်သော ပုဂ္ဂိုလ်ဟူ၍ ဆိုရပါသည်။ [၅-မှတ်] (မြန်၊၃၇၂။)

မေး၈။ ဒေသကာရီသုတ်၌ ဘုရားရှင်က (က) "လုပ်ကျွေးသင့်၏"ဟု ဟောသော လုပ်ကျွေးခြင်း၊ (ခ) "လုပ်ကျွေးသင့်၏"ဟု မဟောသော လုပ်ကျွေးခြင်းတို့ကို အသီးသီးဖော်ပြခဲ့ပါ။

ဖြေ။ (က) ပုဏ္ဏား ယင်းသို့ လုပ်ကျွေးသော သူအား လုပ်ကျွေးခြင်းဟူသောအကြောင်းကြောင့် သဒ္ဓါတရားသည် ပွားများ၏၊ သီလသည် ပွားများ၏၊ အကြားအမြင်သည် ပွားများ၏၊ စွန့်ကြဲခြင်းသည် ပွားများ၏၊ ပညာသည် ပွားများ၏၊ ထိုသို့သဘောရှိသော လုပ်ကျွေးခြင်းကို လုပ်ကျွေးသင့်၏-ဟု ဘုရားဟောပါသည်။ [၅-မှတ်]

(ခ) ပုဏ္ဏား ယင်းသို့ လုပ်ကျွေးသောသူအား လုပ်ကျွေးခြင်းဟူသော အကြောင်းကြောင့် သဒ္ဓါတရား မတိုးပွား၊ သီလသည် မတိုးပွား၊ အကြားအမြင်သည် မတိုးပွား၊ စွန့်ကြဲခြင်းသည် မတိုးပွား၊ ပညာသည် မတိုးပွား၊ ထိုသို့သဘောရှိသော လုပ်ကျွေးခြင်းကို လုပ်ကျွေးသင့်၏-ဟု ဘုရားမဟောကြားပါ။ [၅-မှတ်] (မြန်၊၃၉၆။)

မေး၉။ ကောင်းမှုပြုခြင်း ကုသိုလ်ကို ပြည့်စုံစေခြင်းငှာ ပုဏ္ဏားများ ပညတ်အပ်သော တရားငါးပါးကို ဖော်ပြ၍၊ ယင်းတရားငါးပါးကို ဘုရားရှင်က ဘယ်ကဲ့သို့ ဆုံးဖြတ် ဟောကြားတော်မူခဲ့ပါသနည်း ဖြေဆိုပါ။

ဖြေ။ ကောင်းမှုကို ပြုခြင်းငှာ ကုသိုလ်ကို ပြည့်စုံစေခြင်းငှာ ပုဏ္ဏားတို့သည် အမှန်ဆိုခြင်းကို ပဌမတရား၊ မြိုးခြံသော အကျင့်ကို ဒုတိယတရား၊ မေထုန်မှ ကြဉ်ခြင်းကို တတိယတရား၊ ဗေဒင်သင်ယူခြင်းကို စတုတ္ထတရား၊ စွန့်ကြဲခြင်းကို ပဥ္စမတရားဟူ၍ ပညတ်ကြပါသည်။ [၅-မှတ်] (မြန်၊၄၂၁။)

ထိုငါးပါးသော တရားတို့ကို ဘုရားရှင်သည် ရန်ကင်းစေလိုသော ဆင်းရဲကင်းစေလိုသော မေတ္တာစိတ်ကို ပွားများခြင်းငှာ ထိုမေတ္တာစိတ်၏ အခြံအရံတို့ဟူ၍ ဟောကြားပါသည်။[၅-မှတ်] (မြန်၊၄၃၀။)

မေး၁၀။ **အောက်ပါတို့ကို အသီးသီး ဖော်ပြခဲ့ပါ။**

(က) နွားအကျင့်ကို စွန့်ပယ်၍ ဥပါသကာ ဖြစ်သူ

(ခ) ခွေးအကျင့်ကို စွန့်ပယ်၍ ရဟန္တာ ဖြစ်သူ

(ဂ) ရေထဲ သက်ဆင်းသူ တွေ့ရမည့် ဘေးများ

(ဃ) ဘုရားရှင်ကို ရည်စူး၍ သဒ္ဓါတရားဖြင့် ရဟန်းပြုလာကြသည့် ထင်ရှားသောသူများ

(င) ဓနဉ္စာနီပုဏ္ဏေးမ ချော်လဲစဉ် ရွတ်ဆိုသော ဥဒါန်းစကား

ဖြေ။ (က) ကောလိယ၏သား ပုဏ္ဏ၊ (ခ) သေနိယ။ (နှ၁-၅၉) (၁-မှတ်စီ)

(ဂ) လှိုင်းတံပိုးဘေး၊ မိချောင်းဘေး၊ ဝဲဘေး၊ ငါးမာရ်ဘေး။ (နှ၁-၁၃၃) (၂-မှတ်)

(ဃ) အရှင်အနုရုဒ္ဓါ၊ အရှင်ဘဒ္ဒိယ၊ အရှင်ကိမိလ၊ အရှင်ဘဂု၊ အရှင်ကောဏ္ဍည၊ အရှင်ရေဝတ၊ အရှင်အာနန္ဒာ။

(နှ၁-၁၃၅) (၄-မှတ်)

(င) "နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ" (နှ၁-၄၃၁) (၂-မှတ်)

ရန်ကုန်မြို့
ဒေါက်တာ ခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းမှ ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

**အုပ်စု (၃) မဇ္ဈိမနိကာယ**

**မဇ္ဈိမပဏ္ဏာသ ပါဠိတော် မြန်မာပြန် မေးခွန်းနှင့်အဖြေ**

၁၃၇၉-ခုနှစ်၊ နယုန်လပြည့်ကျော် (၄) ရက်၊ (၁၃. ၆. ၂၀၁၇) အင်္ဂါနေ့
ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

၁-မေး။ စူဠမာလုကျသုတ်လာ မြားပစ်ခံရသူ ဥပမာနှင့် ဥပမေယျတို့ကိုသာ အကျဉ်းချုံး၍ ရေးသား ဖော်ပြခဲ့ပါ။

ဖြေ။ မာလုကျပုတ္တ ဥပမာသော်ကား ယောကျ်ားတစ်ယောက်သည် ထူထူထဲထဲ လိမ်းကျံထားသောဆိပ်လူးမြားဖြင့် အပစ်ခံရသည် ဖြစ်ရာ၏၊ ထိုယောကျ်ား၏ မိတ်ဆွေ ခင်ပွန်း ဆွေမျိုးသားချင်းတို့သည်မြားနုတ်တတ်သော ဆေးဆရာကို ပင့်လာကုန်ရာ၏။ ထိုမြားမှန်ခံရသော ယောကျ်ားသည် "မြားပစ်သောယောကျ်ားကို 'မင်းဟူ၍လည်းကောင်း ပုဏ္ဏားဟူ၍လည်းကောင်း ကုန်သည်ဟူ၍လည်းကောင်း သူဆင်းရဲဟူ၍ လည်းကောင်း' မသိရသေးသမျှ ငါသည် ဤမြားကို မနုတ်အံ့"ဟု ဆိုရာ၏။

ထိုမြားမှန်ခံရသော ယောကျ်ားသည် "မြားပစ်သော ယောကျ်ားကို 'ဤသို့သော အမည်ရှိ၏၊ ဤသို့သော အနွယ်ရှိ၏'ဟူ၍ မသိရသေးသမျှ ငါသည် ဤမြားကို မနုတ်အံ့"ဟု ဆိုရာ၏။ ထိုမြားမှန်ခံရသော ယောကျ်ားသည် "မြားပစ်သော ယောကျ်ားကို 'မြင့်သောသူဟူ၍လည်းကောင်း၊ နိမ့်သောသူဟူ၍ လည်းကောင်း၊ အလတ်ဖြစ် သောသူ'ဟူ၍လည်းကောင်း၊ မသိရသေးသမျှ ငါသည် ဤမြားကို မနုတ်အံ့"ဟု ဆိုရာ၏။ ထိုမြားမှန်ခံရသော ယောကျ်ားသည် "မြားပစ်သော ယောကျ်ားကို 'မည်းနက်သောသူဟူ၍ လည်းကောင်း၊ ရွှေသောသူဟူ၍လည်းကောင်း၊ ကြမ်းပိုးကျောက်ကုန်းကဲ့သို့ အဆင်းရှိသောသူ'ဟူ၍ လည်းကောင်း မသိရသေးသမျှ ငါသည် ဤမြားကို မနုတ်အံ့"ဟု ဆိုရာ၏။ ထိုမြားမှန်ခံရသော ယောကျ်ားသည် "မြားပစ်သော ယောကျ်ားကို 'ဤအမည်ရှိသော ရွာကဟူ၍လည်းကောင်း၊ ဤအမည်ရှိသော နိဂုံးကဟူ၍ လည်းကောင်း၊ ဤအမည်ရှိသော မြို့ကဟူ၍လည်းကောင်း' မသိရသေးသမျှ ငါသည် ဤမြားကိုမနုတ်အံ့"ဟု ဆိုရာ၏။ ထိုမြားမှန်ခံရသော ယောကျ်ားသည် "ပစ်သော လေးကို 'လင်းလေးဟူ၍လည်းကောင်း၊ ဒူးလေးဟူ၍လည်းကောင်း' မသိရသေးသမျှ ငါသည် ဤမြားကို မနုတ်အံ့"ဟု ဆိုရာ၏။ ထိုမြားမှန်ခံရသော ယောကျ်ားသည် "ပစ်သောညို့ကို မုရိုးလျှော်ညို့ဖြစ်သည်ကိုလည်းကောင်း၊ ဝါးလျှော်ညို့ ဖြစ်သည်ကို လည်းကောင်း၊ အကြောညို့ဖြစ်သည်ကိုလည်းကောင်း၊ သင်ပန်းလျှော်ညို့ဖြစ်သည်ကိုလည်းကောင်း ဥမ္မန်းနွယ်လျှော်ညို့ဖြစ်သည်ကိုလည်းကောင်း မသိရသေးသမျှ ငါသည် ဤမြားကို မနုတ်အံ့"ဟုဆိုရာ၏။ ထိုမြားမှန်ခံရသော ယောကျ်ားသည် "ပစ်သောမြားကို စိုက်ပျိုးမထားသော ချုံမှဖြစ်သော မြားဟူ၍ လည်းကောင်း စိုက်ပျိုးထားသော ချုံမှဖြစ်သော မြားဟူ၍လည်းကောင်း မသိရသေးသမျှငါသည် ဤမြားကို မနုတ်အံ့"ဟု ဆိုရာ၏။ ထိုမြားခံရသော ယောကျ်ားသည် "ပစ်သောမြားကိုလင်းတတောင်၊ သို့မဟုတ် ဘုံမတီးငှက်တောင်၊ သို့မဟုတ် စွန်ရဲတောင်၊ သို့မဟုတ် ဥဒေါင်းတောင်၊ သို့မဟုတ် သိထိလဟနုအမည်ရှိသော ငှက်တောင်ဖြင့် မြားရွက်တပ်ထားသည်ဟု မသိရသေးသမျှ ငါသည်ဤမြားကို မနုတ်အံ့"ဟု ဆိုရာ၏။ ထိုမြားမှန်ခံရသော ယောကျ်ားသည် "ပစ်သောမြားကို နွားကြော၊ သို့မဟုတ် ကျွဲကြော၊ သို့မဟုတ် ဝံကြော၊ သို့မဟုတ် မျောက်ကြောဖြင့် ရစ်ပတ်ထားသည်ဟုမသိရသေး သမျှ ငါသည် ဤမြားကို မနုတ်အံ့"ဟု ဆိုရာ၏။ ထိုမြားမှန်ခံရသော ယောကျ်ားသည်"ပစ်သောမြားကို ပကတေ့သော မြားဟူ၍လည်းကောင်း၊ သို့မဟုတ် သင်တုံး သွားတပ်ထားသောမြားဟူ၍လည်းကောင်း၊ သို့မဟုတ် နားတွင်းသို့စူးဝင်နိုင်သော မြားဟူ၍

လည်းကောင်း၊ သို့မဟုတ်အသွားတပ်သော မြားဟူ၍ လည်းကောင်း၊ သို့မဟုတ် လေးသောမြားဟူ၍ လည်းကောင်း၊ သို့မဟုတ်ကြာမြင့်မှ ရောက်သော မြားဟူ ၍လည်းကောင်း မသိရသေးသမျှ ငါသည် ဤမြားကို မနုတ်အံ့"ဟုဆိုရာ၏။ မာလုကျပုတ္တ ထိုသို့ မနုတ်ရသေးမီ ထိုယောကျ်ားသေသော် သေရာ၏၊ ထိုအကြောင်းကိုထိုယောကျ်ားသည် မသိနိုင်သည်သာ ဖြစ်လေရာ၏။ မာလုကျပုတ္တ ဤဥပမာ အတူသာလျှင်အကြင်သူသည် "လောကသည် မြဲ၏ဟူ၍လည်း ကောင်း၊ လောကသည် မမြဲဟူ၍ လည်းကောင်း။ပ။ သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်း မဟုတ် မဖြစ်သည်လည်း မဟုတ်ဟူ၍လည်းကောင်း၊ မြတ်စွာဘုရားသည် ငါ့အား မဟောကြားသေးသမျှ ငါသည်မြတ်စွာဘုရားအထံ၌ မြတ်သောရဟန်းအကျင့်ကို မကျင့်အံ့ဟု ဤသို့ ဆိုငြားအံ့၊ မာလုကျပုတ္တ ထိုသို့မကျင့်ရသေးမီ ထိုပုဂ္ဂိုလ် သေလေရာ၏၊ ထိုအကြောင်းကို ဘုရားမဟောသည်သာ ဖြစ်ရာ၏။

(စာပိုဒ်၊၁၂၆၊ မ၊မြန်၊၂။၉၉။)(၁၀ မှတ်)

၂-မေး။ စာတုမသုတ်လာ စာတုမရွာသား သာကီဝင်မင်းများက မြတ်စွာဘုရားကို မျိုးသစ်ပင်ငယ်ဥပမာ၊ နွားငယ် ဥပမာတို့ဖြင့် လျှောက်ထားပုံပြ စကားရပ်ကို အကျဉ်းချုံး၍ ရေးသား ဖော်ပြခဲ့ပါ။

ဖြေ။ ၁၅၈။ %၁၆၃ထိုအခါ စာတုမရွာ၌ နေကြကုန်သော သာကီဝင်မင်းတို့သည် မင်းကွန်း၌ တစ်စုံတစ်ခုသော ပြုဖွယ်ကိစ္စဖြင့် စည်းဝေးကြကုန်၏။ စာတုမရွာ၌ နေကြကုန်သော သာကီဝင်မင်းတို့သည် အဝေးမှကြွလာ ကုန်သော ထိုရဟန်းတို့ကို မြင်ကြကုန်၏၊ မြင်ကြ၍ ထိုရဟန်းတို့ထံသို့ ချဉ်းကပ်ကြပြီးလျှင်"အသျှင်ဘုရားတို့ ယခု အဘယ်အရပ်သို့ ကြွတော်မူကုန်အံ့နည်း"ဟု ထိုရဟန်းတို့ကို မေးလျှောက်ကြကုန်၏။ ငါ့သျှင်ဒါယကာတို့ မြတ်စွာဘုရားသည် ရဟန်းအပေါင်းကို နှင်ထုတ်တော်မူ၏ဟု (ပြောကြကုန်၏)။ အသျှင်ဘုရားတို့ ထိုသို့ဖြစ်ပါမူ တစ်ခဏမျှ ဆိုင်းငံ့နေတော်မူကြပါကုန်ဦးလော့၊ တပည့်တော်တို့ သည် မြတ်စွာဘုရားကို ကျေနပ်စေခြင်းငှါ စွမ်းနိုင်ကောင်း စွမ်းနိုင်ကြပါလိမ့်မည်ဟု (လျှောက်ကြကုန်၏)။ "ငါ့သျှင်ဒါယကာတို့ ကောင်းပြီ"ဟု ထိုရဟန်းတို့သည် စာတုမရွာသားသာကီဝင်မင်းတို့အား ပြန်ကြား ပြောဆိုကြကုန်၏။

ထိုအခါ စာတုမရွာသား သာကီဝင်မင်းတို့သည် မြတ်စွာဘုရားရှိတော်မူရာသို့ ချဉ်းကပ်ကြ၍ ရှိသေစွာ ရှိခိုးကြပြီးလျှင် သင့်လျော်ရာ၌ ထိုင်နေကြကုန်၏၊ ထိုင်နေကြပြီးသော် စာတုမရွာသား သာကီဝင်မင်းတို့သည် မြတ်စွာဘုရားကို "အသျှင်ဘုရား မြတ်စွာဘုရားသည် ရဟန်းအပေါင်းကို ကျေနပ် တော်မူပါလော့၊ အသျှင်ဘုရား မြတ်စွာဘုရားသည် ရဟန်းအပေါင်းကို ဆုံးမတော်မူပါလော့၊ အသျှင်ဘုရား မြတ်စွာဘုရားသည် ရှေးအခါက ရဟန်းအပေါင်းကို ချီးမြှောက်တော်မူသကဲ့သို့၊ ဤအတူ မြတ်စွာဘုရားသည်ယခုအခါ၌လည်း ရဟန်းအပေါင်းကို ချီးမြှောက်တော်မူပါလော့၊ အသျှင်ဘုရား ဤရဟန်းအပေါင်း၌ရဟန်းပြု၍ မကြာသေး ကုန်သော ယခုမှ ဤသာသနာတော်သို့ ရောက်လာကြကုန်သော အသစ်ဖြစ်သောရဟန်းတို့သည် ရှိပါကုန်၏၊ ထိုအသစ်ဖြစ်သော ရဟန်းတို့သည် မြတ်စွာဘုရားကို မဖူးမြင်ကြရကုန်သည်ရှိသော် စိတ်ပြောင်းလွဲခြင်း စိတ်ဖောက်ပြန်ခြင်း ဖြစ်ရာပါ၏၊ အသျှင်ဘုရား ဥပမာသော်ကား နုနယ်သော မျိုးသစ်ပင်တို့သည် ရေကို မရကုန်သည်ရှိသော် ပြောင်းလွဲခြင်း ဖောက်ပြန်ခြင်း ဖြစ်ရာသကဲ့သို့၊ အသျှင်ဘုရား ဤအတူသာလျှင် ဤရဟန်းအပေါင်း၌ ရဟန်းပြု၍ မကြာသေးကုန်သော ယခုမှဤသာသနာတော် သို့ ရောက်လာကြကုန်သော အသစ်ဖြစ်သော ရဟန်းတို့သည် ရှိပါကုန်၏၊ ထိုအသစ်ဖြစ်သော ရဟန်းတို့သည် မြတ်စွာဘုရားကို မဖူးမြင်ကြရကုန်သည်ရှိသော် စိတ်ပြောင်းလွဲခြင်းစိတ်ဖောက်ပြန်ခြင်း ဖြစ်ရာပါ၏။ အသျှင်ဘုရား ဥပမာတစ်နည်းသော်ကား နုနယ်သော နို့စို့နွားငယ်သည်အမိကို မမြင်ရ သည်ရှိသော် စိတ်ပြောင်းလွဲခြင်း စိတ်ဖောက်ပြန်ခြင်း ဖြစ်ရာသကဲ့သို့၊ အသျှင်ဘုရား ဤအတူသာလျှင် ဤရဟန်းအပေါင်း၌ ရဟန်းပြု၍ မကြာသေးသော ယခုမှ ဤသာသနာတော်သို့ ရောက်လာကြကုန်သော အသစ်ဖြစ်သော ရဟန်းတို့သည် ရှိပါကုန်၏၊ ထိုအသစ်ဖြစ်သော ရဟန်းတို့သည်မြတ်စွာဘုရားကို မဖူးမြင်ကြရကုန်သည်ရှိသော် စိတ်ပြောင်းလွဲခြင်း စိတ်ဖောက်ပြန်ခြင်း ဖြစ်ရာပါ၏။ အသျှင်ဘုရား မြတ်စွာ ဘုရားသည် ရဟန်းအပေါင်းကို ကျေနပ်တော်မူပါလော့၊ အသျှင်ဘုရားမြတ်စွာဘုရားသည် ရဟန်း အပေါင်းကို ပြောဆိုဆုံးမတော်မူပါလော့၊

အသျှင်ဘုရား မြတ်စွာဘုရားသည့်ရှေးအခါက ရဟန်းအပေါင်း ကို ချီးမြှောက်တော်မူသကဲ့သို့၊ ဤအတူ မြတ်စွာဘုရားသည်ယခုအခါ၌လည်း ရဟန်းအပေါင်းကို ချီးမြှောက်တော်မူပါလော့"ဟု လျှောက်ကြကုန်၏။

(စာပိုဒ်၊၁၅၈။ မ၊

၃-မေး။ ဇီဝကအား ဘုရားရှင် မိန့်ကြားတော်မူသော စားကောင်းသော အသားနှင့် မစားကောင်းသော အသားတို့ကို ခွဲခြား ဖော်ပြခဲ့ပါ။

ဖြေ။ ဇီဝက သုံးပါးသော အကြောင်းတို့ဖြင့် အသားကို မသုံးဆောင်ကောင်းဟူ၍ ငါဟောကြား၏။ မြင်ခြင်း၊ ကြားခြင်း၊ ယုံမှားခြင်းဟူသော ဤသုံးပါးသော အကြောင်းတို့ဖြင့် အသားကိုမသုံးဆောင်ကောင်းဟူ၍ ငါ ဟောကြား၏။ ဇီဝက သုံးပါးသော အကြောင်းတို့ဖြင့် အသားကို သုံးဆောင်ကောင်း၏ဟူ၍ ငါ ဟောကြား၏။ မမြင်ခြင်း၊ မကြားခြင်း၊ ယုံမှားမရှိခြင်း ဟူသော ဤသုံးပါးသောအကြောင်းတို့ဖြင့် အသားကို သုံးဆောင်ကောင်း၏ ဟူ၍ ငါ ဟောကြား၏။ **(စာပိုဒ်၊၅၂။ မ၊မြန်၊၂။၃၇။)(၁၀ မှတ်)**

---

၄-မေး။ ဗုဒ္ဓဝါဒနှင့် အခြားဝါဒတို့၏ ကွာခြားပုံကို ဥပါလိသုတ္တန်လာသည့်အတိုင်း ပြည့်ပြည့်စုံစုံ ဖော်ပြခဲ့ပါ။

ဖြေ။ ၇၅။%၈၀ အသျှင် ရှေးကဖြစ်ဖူးသည်ကား အိုမင်း ရင့်ရော် ကြီးမြင့်သော အရွယ်သို့ ရောက်ပြီးသော ပုဏ္ဏားတစ်ယောက်အား ပျိုမျစ်နုနယ် ငယ်စွာသော ကိုယ်ဝန်အရင့်အမာ သားဖွားခါနီးဖြစ်သော မယားသည် ရှိ၏၊ ထိုအခါ ထိုသတို့သမီးငယ်သည် ထိုပုဏ္ဏားအိုကြီးကို "ပုဏ္ဏားအိုကြီး သင်သည် သွားပါချေ၊ ဈေးမှ မျောက်ရုပ်ငယ်ကို ဝယ်၍ ဆောင်ယူခဲ့ပါလော့၊ ယင်းမျောက်ရုပ်ငယ်သည် အကျွန်ုပ်သားငယ်၏ ကစားဖွယ် ဖြစ်လတ္တံ့."ဟု ဆို၏။

ဤသို့ ဆိုသည်ရှိသော် ထိုပုဏ္ဏားအိုကြီးသည် ထိုသူငယ်မကို "အိုရှင်မ သားဖွားသည့်တိုင်အောင့်ဆိုင်းဦးလော့၊ သင်သည် သားယောကျ်ားကို ဖွားမြင်အံ့၊ သင့်သားငယ်၏ ကစားဖွယ်ရာဖြစ်သော မျောက်ထီးရုပ်ကို ဈေးမှ ဝယ်၍ ဆောင်ယူခဲ့ပါအံ့၊ သင်သည် သမီးမိန်းမကို ဖွားမြင်အံ့၊ သင့်သမီးငယ်၏ ကစားဖွယ်ရာဖြစ်သော မျောက်မရုပ်ကို ဈေးမှ ဝယ်၍ ဆောင်ယူခဲ့ပါအံ့"ဟု ဆို၏။

အသျှင် နှစ်ကြိမ်မြောက်လည်း ထိုသတို့သမီးငယ်သည်။ပ။ အသျှင် သုံးကြိမ်မြောက်လည်း ထိုသတို့သမီးငယ်သည် ထိုပုဏ္ဏားအိုကြီးကို "ပုဏ္ဏားအိုကြီး သင်သည် သွားပါချေ၊ ဈေးမှ မျောက်ရုပ်ငယ်ကိုဝယ်၍ ဆောင်ယူခဲ့ပါလော့၊ ယင်းမျောက်ရုပ်ငယ်သည် အကျွန်ုပ်သားငယ်၏ ကစားဖွယ်ဖြစ်လတ္တံ့."ဟုဆို၏။

အသျှင် ထိုအခါ ထိုပုဏ္ဏားအိုကြီးသည် ထိုသတို့သမီးငယ်၌ တပ်မက်စွဲလမ်းသော စိတ်ရှိသည်ဖြစ်၍ဈေးမှ မျောက်ရုပ်ငယ်ကို ဝယ်ယူ ဆောင်လာခဲ့၍ ထိုသတို့သမီးငယ်အား "ရှင်မ ဤမျောက်ရုပ်ငယ်ကိုဈေးမှ ဝယ်၍ ဆောင်ယူခဲ့ပြီ၊ ယင်းမျောက်ရုပ်ငယ်သည် သင့်သားငယ်၏ ကစားဖွယ် ဖြစ်လတ္တံ့."ဟုဆို၏။

အသျှင် ဤသို့ဆိုသော် ထိုသတို့သမီးသည် ထိုပုဏ္ဏားအိုကြီးကို "ပုဏ္ဏားအိုကြီး အသင်သည် သွားပါချေ၊ ဤမျောက်ရုပ်ငယ်ကို ယူဆောင်၍ ရတ္တပါဏိမည်သော ပန်းဆိုးသမား၏ သားထံသို့ ကပ်၍အဆွေ ရတ္တပါဏိ ငါသည် ဤမျောက်ရုပ်ငယ်ကို ရိုက်နှက်ဖွပ်လျှော်၍ နှစ်ဖက်လုံး ချောမွေ့အောင် ပြု၍အဝါရောင်ဆေးဖြင့် ဆိုးထားသည်ကို အလိုရှိ၏ဟူ၍ ပြောဆိုလေ"ဟု ပြောဆို၏။ အသျှင် ထိုအခါပုဏ္ဏား အိုကြီးသည် ထိုသတို့သမီးငယ်၌ တပ်မက်စွဲလမ်းသော စိတ်ရှိသည်ဖြစ်၍ ထိုမျောက်ရုပ်ငယ်ကိုယူဆောင် ကာ ရတ္တပါဏိမည်သော ပန်းဆိုးသမား၏ သားထံသို့ ချဉ်းကပ်၍ ရတ္တပါဏိမည်သောပန်းဆိုးသမား သားကို "အဆွေ ရတ္တပါဏိ ငါသည် ဤမျောက်ရုပ်ငယ်ကို ရိုက်နှက်ဖွပ်လျှော်၍နှစ်ဖက်လုံး ချောမွေ့ အောင် ပြု၍ အဝါရောင်ဆေးဖြင့် ဆိုးထားသည်ကို အလိုရှိပါ၏"ဟု ပြောဆို၏။ အသျှင် ဤသို့ပြောဆို သော် ရတ္တပါဏိမည်သော ပန်းဆိုးသမား၏ သားသည် ထိုပုဏ္ဏားအိုကြီးကို"အသျှင်ပုဏ္ဏားအိုကြီး သင်၏ မျောက်ရုပ်ငယ်သည် အဆိုးကား ခံနိုင်ပါ၏၊ ရိုက်နှက်ဖွပ်လျှော်မှုကိုမခံနိုင်ပါ၊ ပွတ်တိုက်ခြင်းကို မခံနိုင် ပါ"ဟု ပြောဆို၏။

အသျှင် ဤအတူသာလျှင် မိုက်ကုန်သော နိဂဏ္ဌတို့၏ အယူဝါဒသည် သူမိုက်တို့၏ အစွဲအလမ်း ကိုသာခံနိုင်၏၊ ပညာရှိတို့၏ အစွဲအလမ်းကို မခံနိုင်၊ အစိစစ်ကို မခံနိုင်၊ အစမ်းသပ်ကို မခံနိုင်။ အသျှင်ထိုပုဏ္ဏားအိုကြီးသည် နောက်အခါ၌ ပုဆိုးသစ်အစုံကို ယူဆောင်၍ ရတ္တပါဏိမည်သော ပန်းဆိုး သမား၏သားထံသို့ ချဉ်းကပ်၍ ရတ္တပါဏိမည်သော ပန်းဆိုးသမား၏ သားကို "အဆွေ ရတ္တပါဏိ ငါသည်ဤပုဆိုးသစ်အစုံကို ရိုက်နှက်ဖွပ်လျှော်၍ နှစ်ဖက်လုံး ချောမွေ့အောင် ပြု၍ အဝါရောင်ဆေးဖြင့်ဆိုးထားသည်ကို အလိုရှိ၏"ဟု ပြောဆို၏။ အသျှင် ဤသို့ ပြောဆိုသော် ရတ္တပါဏိမည်သော ပန်းဆိုးသမား၏ သားသည် ထိုပုဏ္ဏားအိုကြီးကို "အသျှင်ပုဏ္ဏားအိုကြီး သင်၏ ဤပုဆိုးအစုံသည် အဆိုးကိုလည်း ခံနိုင်ပါ၏၊ အရိုက်အနှက် အဖွပ်အလျှော်ကိုလည်း ခံနိုင်ပါ၏၊ အပွတ်အတိုက်ကိုလည်း ခံနိုင်ပါ၏"ဟု ပြောဆို၏။

အသျှင် ဤအတူသာလျှင် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသောတရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရား၏ အယူဝါဒသည် ပညာရှိတို့၏ အစွဲအလမ်းကို ခံနိုင်၏။ သူမိုက်တို့၏ အစွဲအလမ်းကို မခံနိုင်၊ အစိစစ်ကိုလည်း ခံနိုင်၏၊ အစမ်းသပ်ကိုလည်း ခံနိုင်၏ဟု (ဆို၏)။

(စာပိုဒ်၊၇၅။ မ၊မြန်၊၂။၅၁။)(၁၀ မှတ်)

---

•••••••••••••••••••••••••••••••••••••••

၅-မေး။ "စကားခြောက်ခွန်း လူ၌ ထွန်း"ဟူသည်နှင့် အညီ လူ၌ ထွန်းသော စကားခြောက်ခွန်းကို ဖော်ပြ၍၊ ဘုရားရှင် ပြောကြားတော်မူသော စကားနှင့် ပြောကြားတော်မမူသော စကားများကိုလည်း ခွဲခြား ဖော်ပြခဲ့ပါ။

ဖြေ။ စကားခြောက်ခွန်း

မင်သား ဤအတူပင် မဟုတ်မမှန်၊ အကျိုးစီးပွါးနှင့်လည်း မစပ်၊ သူတစ်ပါးတို့လည်း မနှစ်သက်မနှစ်ခြိုက်၊ ထိုစကားမျိုးကို မြတ်စွာဘုရားသည် မပြောမဆို။ (၁)

ဟုတ်မှန်၏၊ အကျိုးစီးပွါးနှင့်ကား မစပ်၊ သူတစ်ပါးတို့လည်း မနှစ်သက် မနှစ်ခြိုက်၊ ထိုစကား မျိုးကိုမြတ်စွာဘုရားသည် မပြောမဆို။ (၂)

ဟုတ်မှန်၏၊ အကျိုးစီးပွါးနှင့်လည်း စပ်၏၊ သူတစ်ပါးတို့ကား မနှစ်သက် မနှစ်ခြိုက်၊ ထိုစကား မျိုး၌မြတ်စွာဘုရားသည် အခါအားလျော်စွာ ပြောဆို၏။ (၃)

မဟုတ်မမှန်၊ အကျိုးစီးပွါးနှင့် မစပ်၊ သူတစ်ပါးတို့ကား နှစ်သက်၏ နှစ်ခြိုက်၏၊ ထိုစကားမျိုးကိုလည်း မြတ်စွာဘုရားသည် မပြောမဆို။ (၄)

ဟုတ်မှန်၏၊ အကျိုးစီးပွါးနှင့် မစပ်၊ သူတစ်ပါးတို့ကား နှစ်သက်၏ နှစ်ခြိုက်၏၊ ထိုစကားမျိုးကို လည်းမြတ်စွာဘုရားသည် မပြောမဆို။ (၅)

ဟုတ်မှန်၏၊ အကျိုးစီးပွါးနှင့်လည်း စပ်၏၊ သူတစ်ပါးတို့လည်း နှစ်သက်၏ နှစ်ခြိုက်၏၊ ထိုစကားမျိုး၌ မြတ်စွာဘုရားသည် အခါအားလျော်စွာ ပြောဆို၏။ (၆) (စာပိုဒ်၊၈၆။ မ၊မြန်၊၂။၆၂။)(၁၀ မှတ်)

၆-မေး။ လဋုကိကောပမသုတ္တန်လာ ဘုရားရှင်၏ ဗီလုံးငှက်ငယ်ဥပမာဖြင့် ဆုံးမတော်မူပုံကို ဥပမေယျနှင့် တကွ ဖော်ပြခဲ့ပါ။

ဖြေ။ ဥဒါယီ ဥပမာသော်ကား ဘီလုံးငှက်ငယ်သည် နွယ်ပုတ်အနှောင်အဖွဲ့ဖြင့် ဖွဲ့မိသော် ထိုအရပ်၌သာ လျှင်ညှဉ်းဆဲခံရခြင်းသို့လည်းကောင်း၊ အဖမ်းခံရခြင်းသို့လည်းကောင်း၊ သေဆုံးခြင်းသို့လည်းကောင်းရောက်၏။ ဥဒါယီ "အနှောင်အဖွဲ့ခံရသဖြင့် ထိုအရပ်၌ပင် ထိုဘီလုံးငှက်ငယ်၏ ညှဉ်းဆဲခံရခြင်း အဖမ်းခံရခြင်း သေဆုံးခြင်းသို့ ရောက်ကြောင်းဖြစ်သော နွယ်ပုတ်အနှောင်အဖွဲ့သည်ကား ထိုဘီလုံးငှက်ငယ်အတွက် အားမရှိသော အနှောင်အဖွဲ့ အားနည်းသော အနှောင်အဖွဲ့ ဆွေးမြေ့သော အနှောင်အဖွဲ့ အနှစ်မရှိသော အနှောင်အဖွဲ့သာ ဖြစ်၏"ဟု ဆိုငြားအံ့၊ ထိုသူ၏ ပြောဆိုချက်သည် ကောင်းစွာ ပြောဆိုခြင်းဖြစ်ပါသလောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မဖြစ်ပါ။ အသျှင်ဘုရား အနှောင်အဖွဲ့ခံရသဖြင့် ထိုအရပ်၌ပင် ထိုဘီလုံးငှက်ငယ်၏ ညှဉ်းဆဲခံရခြင်း အဖမ်းခံရခြင်း သေဆုံးရခြင်းသို့ ရောက်ကြောင်းဖြစ်သော နွယ်ပုတ်အနှောင်အဖွဲ့သည်ကား ထိုဘီလုံးငှက်ငယ် အတွက် အားကြီးသော အနှောင်အဖွဲ့ မြဲမြံသောအနှောင်အဖွဲ့ ခိုင်ခံ့သော အနှောင်အဖွဲ့ မဆွေးမြေ့သော အနှောင်အဖွဲ့ ဖြစ်၏၊ ကြီးစွာသော သစ်သားတောက်လည်း ဖြစ်ပါ၏ဟု (လျှောက်၏)။

ဥဒါယီ ဤအတူသာလျှင် ဤသာသနာတော်၌ အချို့သော အချည်းနှီးသော ယောကျ်ားတို့ကို "ဤအရာကို စွန့်ကြကုန်လော့"ဟု ငါက ဆိုသည်ရှိသော် "ဤနည်းနည်းပါးပါးကလေးမှာ အဘယ်ပြောပလောက်သနည်း၊ ဤရဟန်းသည် ခေါင်းပါးခြင်း၌ ကြောင့်ကြစိုက်လွန်းသည်သာတည်း"ဟု ဆိုကြကုန်၏။ ထိုရဟန်းတို့သည် ထိုအရာကိုလည်း မစွန့်ကုန်၊ ငါ၌လည်းကောင်း၊ သိက္ခာသုံးပါးကို လိုလားကုန်သောရဟန်းတို့၌လည်းကောင်း မကျေနပ်မှု ဖြစ်ကြကုန်၏။

ဥဒါယီ ထိုအချည်းနှီးသော ယောကျ်ားတို့အား ထိုနည်းနည်းပါးပါးကလေးသည်ပင် အားကြီးသောအနှောင်အဖွဲ့ မြဲမြံသော အနှောင်အဖွဲ့ ခိုင်ခံ့သော အနှောင်အဖွဲ့ မဆွေးမြေ့သော အနှောင်အဖွဲ့ ဖြစ်၏၊ ကြီးစွာသော သစ်သားတောက်လည်း ဖြစ်၏။ (စာပိုဒ်၊ ၁၅၀။ မပြန်၊ ၂။ ၁၂၁။)(၁၀ မှတ်)

၇-မေး။ မစင်နှင့် တူသော သုခကို တိကျစွာ ဖော်ပြခဲ့ပါ။

ဖြေ။ ဥဒါယီ ဤငါးပါးသော ကာမဂုဏ်တို့ကို စွဲ၍ အကြင် ကိုယ်ချမ်းသာခြင်း စိတ်ချမ်းသာခြင်းသည် ဖြစ်၏၊ ဤသို့သဘောရှိသော ကိုယ်ချမ်းသာခြင်း စိတ်ချမ်းသာခြင်းကို ကာမသုခဟူ၍, မစင်နှင့်တူသော သုခဟူ၍, ပုထုဇဉ် သုခဟူ၍, အရိယာမဟုတ်သူတို့၏သုခဟူ၍ ဆိုရ၏၊ မမှီဝဲအပ်၊ မပွါးများအပ်၊ မလေ့ လာအပ်၊ ထိုသုခမှ ကြောက်အပ်၏ ဟူ၍ ငါ ဟော၏။(စာပိုဒ်၊ ၁၅၅။ မပြန်၊ ၂။ ၁၂၇။)(၁၀ မှတ်)

••••••••••••••••••••••••••••••••••••••••

၈-မေး။ လူမိုက်နှင့် ပညာရှိတို့၏ ကွာခြားပုံကို ဗာဟိတိကသုတ္တန်လာသည့်အတိုင်း ဖော်ပြခဲ့ပါ။

ဖြေ။ အသျှင်ဘုရား မိုက်ကုန် မလိမ္မာကုန်သောသူတို့သည် မစူးစမ်းကြမဆင်ခြင်ကြကုန်မူ၍ သူတစ်ပါးတို့၏ ဂုဏ်ကိုလည်းကောင်း၊ ဂုဏ်ကျေးဇူးမဲ့ကိုလည်းကောင်း ပြောဆိုတတ်ကြကုန်၏၊ အသျှင်ဘုရား ပညာရှိကုန် လိမ္မာကုန် ထိုးထွင်းဉာဏ်ရှိကုန်သော သူတို့သည်စူးစမ်း ဆင်ခြင်၍ သူတစ်ပါး တို့၏ဂုဏ်ကိုလည်းကောင်း၊ ဂုဏ်ကျေးဇူးမဲ့ကိုလည်းကောင်းပြောဆိုကြကုန်၏၊ ဤကား လူမိုက်နှင့် ပညာရှိတို့၏ ကွာခြားပုံ ဖြစ်ပါသည် (စာပိုဒ်၊၃၅၉။ မ၊မြန်၊၂။၃၂၀။)(၁၀ မှတ်)

••••••••••••••••••••••••••••••••••••••••

၉-မေး။ မဇ္ဈိမပဏ္ဏာသ၌ နမော တဿ- အစရှိသော ပဥ္စပဒိက ဂါထာတော်ကြီးကို သုံးကြိမ်တိုင်တိုင် ဥဒါန်းကျူးရင့်ခဲ့ကြသော ပုဂ္ဂိုလ်များကို ကျူးရင့်ရာ သုတ္တန်နှင့် တကွ တွဲဖက် ဖော်ပြခဲ့ပါ။

ဖြေ။ (က) ကောသလမင်းကြီး၊ပိယဇာတိကသုတ္တန်။

(ခ) ဖြဟ္မာယုပုဏ္ဏား၊ဗြဟ္မာယုသုတ္တန်။

(ဂ) ဓနဉ္စာနီပုဏ္ဏေးမ၊သင်္ဂါရဝသုတ္တန်။ (၃+၄+၃=၁၀ မှတ်)

••••••••••••••••••••••••••••••••••••••••

၁၀-မေး။ အောက်ပါတို့ကိုလည်း တိကျစွာ ဖော်ပြခဲ့ပါ။

(က) မဃဒေဝမင်းတို့၏ မျိုးဇာတ်ကို ဖြတ်ခဲ့သူ၊

(ခ) မဃဒေဝမင်း ဖြစ်ခဲ့သူ။

ဖြေ။ (က) ကဠာရဇနက၊

(ခ) ဘုရားရှင်။ (၅+၅=၁၀ မှတ်)

# အုပ်စု (၃)

# မဇ္ဈိမပဏ္ဏာသ ပါဠိတော် မြန်မာပြန် မေးခွန်း+အဖြေလွှာ

+++++

မေး ၁။ ပိယဇာတိကသုတ်လာ မလ္လိကာမိဖုရားက ပသေနဒိကောသလမင်းကြီးအား "အချစ်ကြောင့် ဒုက္ခဖြစ်ပုံ လျှောက်တင်ခန်း"ကို အနှစ်ချုပ်၍ ရေးသား ဖော်ပြခဲ့ပါ။

ဖြေ ၁။ ထိုအခါ နာဠိဇင်္ဃပုဏ္ဏားသည် မြတ်စွာဘုရား၏ စကားတော်ကို အလွန်နှစ်သက် ဝမ်းမြောက် ၍နေရာမှ ထကာ မလ္လိကာ မိဖုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားနှင့် ပြောဆိုခဲ့သမျှ စကားအလုံးစုံကို မလ္လိကာမိဖုရားကြီးအား ပြောကြားလေ၏။ ထိုအခါ မလ္လိကာမိဖုရားကြီးသည် ပသေနဒိကောသလမင်းကြီးထံသို့ ချဉ်းကပ်၍ ပသေနဒိကောသလမင်းကြီးကို ဤသို့ ပြောဆို၏- "မင်းကြီး ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ ဝဇိရီသတို့သမီးကို သင်မင်းကြီး ချစ်သည် မဟုတ်လော"ဟု (မေးလျှောက်၏)။ မလ္လိကာ မှန်၏၊ ဝဇိရီသတို့သမီးကို ငါ ချစ်၏ဟု (မိန့်ဆို၏)။

မင်းကြီး ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ အသင်မင်းကြီး၏ ဝဇိရီသတို့သမီးငယ်၏ သေဆုံးခြင်း တစ်မျိုးတစ်မည် ဖောက်ပြန်ခြင်းကြောင့် သင်မင်းကြီးအား ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာပင်ပန်းခြင်းတို့သည် ဖြစ်ကုန်ရာသလောဟု (မေး လျှောက်၏)။

မလ္လိကာ ဝဇိရီသတို့သမီးငယ်၏ သေဆုံးခြင်း တစ်မျိုးတစ်မည် ဖောက်ပြန်ခြင်းကြောင့် ငါ့မှာ ဇီဝိတိန္ဒြေသော်လည်း ဖောက်ပြန်ရာ၏၊ ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာပင်ပန်းခြင်းတို့သည် အဘယ်မှာ မဖြစ်ဘဲ ရှိပါမည်နည်းဟု (ဆို၏)။ မင်းကြီး သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသောတရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် ထိုအကြောင်းကို ရည်ရွယ်၍ "ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်းပြင်းစွာပင်ပန်းခြင်းတို့သည် ချစ်ခြင်းကြောင့် ဖြစ်ကုန်၏၊ ချစ်ခြင်းလျှင် အမွန်အစရှိကုန်၏"ဟု ဟောကြားတော်မူ၏။

မင်းကြီး ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ သင်မင်းကြီးသည် ဝါသဘခတ္တိယာ မင်းသမီးကိုချစ်သည် မဟုတ်လောဟု (မေးလျှောက်၏)။ မလ္လိကာ မှန်၏၊ ဝါသဘခတ္တိယာ မင်းသမီးကို ငါချစ်၏ဟု (မိန့်ဆို၏)။ မင်းကြီး ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ ဝါသဘ ခတ္တိယာ၏ သေဆုံးခြင်းတစ်မျိုးတစ်မည် ဖောက်ပြန်ခြင်းကြောင့် သင်မင်းကြီးအား ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်းစိတ်ဆင်းရဲခြင်း ပြင်းစွာ ပင်ပန်းခြင်းတို့သည် ဖြစ်ကုန်ရာသလောဟု (မေးလျှောက်၏)။ မလ္လိကာဝါသဘခတ္တိယာ၏ သေဆုံးခြင်း တစ်မျိုးတစ်မည်ဖောက်ပြန်ခြင်းကြောင့် ငါ့မှာ ဇီဝိတိန္ဒြေသော်လည်းဖောက်ပြန်ရာ၏၊ ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း

ပြင်းစွာပင်ပန်းခြင်းတို့သည်အဘယ်မှာ မဖြစ်ဘဲ ရှိပါမည်နည်းဟု (ဆို၏)။ မင်းကြီး သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကိုခံတော် မူထိုက်သော (အလုံးစုံသောတရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသောထိုမြတ်စွာဘုရားသည် ထို အကြောင်းကို ရည်ရွယ်၍ "ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်းစိတ်ဆင်းရဲခြင်း ပြင်းစွာပင်ပန်း ခြင်းတို့သည် ချစ်ခြင်းကြောင့် ဖြစ်ကုန်၏၊ ချစ်ခြင်းလျှင်အမွန်အစရှိကုန်၏"ဟု ဟောကြားတော်မူ၏။

မင်းကြီး ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ သင်မင်းကြီးသည် ဝိဋ္ဋူဘစစ်သူကြီးကို ချစ်သည်မဟုတ်လောဟု (မေးလျှောက်၏)။ မလ္လိကာ မှန်၏၊ ဝိဋ္ဋူဘစစ်သူကြီးကို ငါချစ်၏ဟု (မိန့်ဆို၏)။ မင်းကြီး ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ ဝိဋ္ဋူဘစစ်သူကြီး၏ သေဆုံးခြင်း တစ်မျိုးတစ်မည်ဖောက်ပြန်ခြင်းကြောင့် သင်မင်းကြီးအား ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာပင်ပန်းခြင်းတို့သည် ဖြစ်ကုန်ရာသလောဟု (မေးလျှောက်၏)။ မလ္လိကာ ဝိဋ္ဋူဘစစ်သူကြီး၏ သေဆုံးခြင်း တစ်မျိုးတစ်မည် ဖောက်ပြန်ခြင်းကြောင့် ငါ့မှာ ဇီဝိတိန္ဒြေသော်လည်း ဖောက်ပြန်ရာ၏၊ ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာပင်ပန်းခြင်းတို့သည် အဘယ်မှာ မဖြစ်ဘဲ ရှိပါမည်နည်းဟု (ဆို၏)။ မင်းကြီး သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသောတရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော ထိုမြတ်စွာ ဘုရားသည် ထိုအကြောင်းကိုရည်ရွယ်၍ "ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာပင်ပန်းခြင်းတို့သည်ချစ်ခြင်းကြောင့် ဖြစ်ကုန်၏၊ ချစ်ခြင်းလျှင် အမွန်အစရှိကုန်၏"ဟု ဟောကြားတော်မူ၏။

မင်းကြီး ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ သင်မင်းကြီးသည် အကျွန်ုပ်ကို ချစ်သည်မဟုတ်လောဟု (မေးလျှောက်၏)။ မလ္လိကာ မှန်၏၊ သင်မိဖုရားကို ငါချစ်ပေ၏ဟု (ဆို၏)။ မင်းကြီးထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ အကျွန်ုပ်၏ သေဆုံးခြင်း တစ်မျိုးတစ်မည်ဖောက်ပြန်ခြင်းကြောင့် သင်မင်းကြီးအား ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာပင်ပန်းခြင်းတို့သည် ဖြစ်ကုန်ရာသလောဟု (မေးလျှောက်၏)။ မလ္လိကာ သင်၏ သေဆုံးခြင်း တစ်မျိုးတစ်မည်ဖောက်ပြန်ခြင်းကြောင့် ငါ့မှာ ဇီဝိတိန္ဒြေသော်လည်း ဖောက်ပြန်ရာ၏၊ ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာပင်ပန်းခြင်းတို့သည် အဘယ်မှာ မဖြစ်ဘဲ ရှိပါမည်နည်းဟု (ဆို၏)။ မင်းကြီး သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသောတရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် ဤအကြောင်းကို ရည်ရွယ်၍ "ပူဆွေးခြင်းငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာ ပင်ပန်းခြင်းတို့သည် ချစ်ခြင်းကြောင့် ဖြစ်ကုန်၏၊ ချစ်ခြင်းလျှင် အမွန်အစရှိကုန်၏"ဟု ဟောကြား တော်မူ၏။

မင်းကြီး ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ သင်မင်းကြီးသည် ကာသိတိုင်း ကောသလတိုင်းတို့ကို ချစ်သည် မဟုတ်လောဟု (မေးလျှောက်၏)။ မလ္လိကာ မှန်၏၊ ကာသိတိုင်း ကောသလတိုင်းတို့ကို ငါချစ်၏၊ မလ္လိကာ ကာသိတိုင်း ကောသလတိုင်းတို့၏ အာနုဘော်ကြောင့် ကာသိတိုင်း၌ဖြစ်သော စန္ဒကူးကို ခံစားသုံးဆောင်ရ၏၊ ပန်းနံ့သာ နံ့သာပျောင်းတို့ကို

သုံးဆောင်ရ၏ဟု (ဆို၏)။ မင်းကြီးထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ ကာသိတိုင်း ကောသလ တိုင်းတို့၏ ဖောက်ပြန်ခြင်း တစ်မျိုးတစ်မည် ပြောင်းလွဲခြင်းကြောင့် သင်မင်းကြီးအား ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာပင်ပန်းခြင်းတို့သည် ဖြစ်ကုန်ရာသလောဟု (မေးလျှောက်၏)။ မလ္လိကာ ကာသိတိုင်းကောသလတိုင်းတို့၏ ဖောက်ပြန်ခြင်း တစ်မျိုးတစ်မည် ပြောင်းလွဲခြင်းကြောင့် ငါ့မှာ ဇီဝိတိန္ဒြေသော်လည်းဖောက်ပြန်ရာ၏၊ ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာပင်ပန်းခြင်းတို့သည်အဘယ်မှာ မဖြစ်ဘဲ ရှိပါမည်နည်းဟု (ဆို၏)။ မင်းကြီး သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကိုခံတော် မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသောထိုမြတ်စွာဘုရားသည် ထိုအကြောင်းကို ရည်ရွယ်၍ "ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း၊စိတ်ဆင်းရဲခြင်း ပြင်းစွာ ပင်ပန်းခြင်းတို့သည် ချစ်ခြင်းကြောင့် ဖြစ်ကုန်၏၊ ချစ်ခြင်းလျှင်အမွန်အစရှိကုန်၏"ဟု ဟောကြား တော်မူ၏ဟု (လျှောက်၏)။

(စာပိုဒ်၊၃၅၇။)(၁၀ မှတ်)

မေး ၂။ သင်္ဂါရဝသုတ်လာ ဘုရားအလောင်းတော်အား ထင်လာသော ဥပမာ (၃) မျိုးပြ စကားရပ်ကို အနှစ်ချုပ်၍ ရေးသား ဖော်ပြခဲ့ပါ။

ဖြေ ၂။ ဘာရဒွါဇ စင်စစ် ငါ့အား ရှေးကမကြားဖူးကုန်သော အံ့ဩဖွယ်ရာ ဥပမာ သုံးရပ်တို့သည် ထင်လာကုန်၏၊ ဘာရဒွါဇ ရေ၌ ချထားအပ်သည့် အစေးရှိသော ထင်းစိုသည် ရှိ၏၊ ထိုအခါ ယောက်ျားသည်မီးပွတ်ခုံကို ယူ၍ "မီးကို ဖြစ်စေအံ့၊ တေဇောဓာတ်ကို ထင်ရှားပြုအံ့"ဟု လာရာ၏။ ဘာရဒွါဇထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ စင်စစ် ထိုယောက်ျားသည် ဤမည်သော ရေ၌ ချထားအပ်သည့် အစေးရှိသော ထင်းစိုကို မီးပွတ်ခုံသို့ ယူ၍ ပွတ်တိုက်သော် မီးကို ဖြစ်စေနိုင်ရာသလော၊ တေဇောဓာတ်ကို ထင်ရှားပြုနိုင်ရာသလောဟု (မေးတော်မူ၏)။ အသျှင်ဂေါတမ မဖြစ်နိုင်ပါ၊ အဘယ်ကြောင့်နည်းဟူမူ- အသျှင်ဂေါတမ ဤမည်သော ထင်းသည် စို၍ အစေးရှိသည့်ပြင် ရေ၌လည်း ချထားသောကြောင့်ပါတည်း၊ ထိုယောက်ျားသည် ကိုယ်ပင်ပန်းရုံ စိတ်ပင်ပန်းရုံသာ ဖြစ်ရာပါ၏ဟု (လျှောက်၏)။

ဘာရဒွါဇ ဤအတူပင်လျှင် အချို့သော သမဏဗြာဟ္မဏတို့သည် ကိုယ်ဖြင့်လည်းကောင်း စိတ်ဖြင့်လည်းကောင်း လိုချင်မှုတို့မှ မကင်းဆိတ်ဘဲ နေကုန်၏။ ထိုသမဏဗြာဟ္မဏတို့သည် ကိုယ်တွင်း သန္တာန်ဝယ် လိုချင်ဖွယ်ဝတ္ထုတို့၌ လိုချင်တပ်မက်မှု လိုချင်မှုအစေး လိုချင်သောအားဖြင့် တွေဝေခြင်း လိုချင်မှုမွတ်သိပ်ခြင်း လိုချင်မှု ပူဆာခြင်းကို ကောင်းစွာ မပယ်ရသေး၊ ကောင်းစွာ မငြိမ်းရသေး၊ အကယ်၍ထိုအသျှင်သမဏဗြာဟ္မဏတို့သည် လုံ့လကြောင့် ဖြစ်ကုန်သော ကြီးမားကြမ်းတမ်း စပ်ရှားကုန်သောဆင်းရဲခံစားခြင်းတို့ကို ခံစားကုန်သော်လည်း ဉာဏ်အကျိုးငှါ အမြင်အကျိုးငှါ အတုမဲ့ထိုးထွင်း၍ သိခြင်းငှါမထိုက်တန်ကုန်။ အကယ်၍ ထိုအသျှင် သမဏ ဗြာဟ္မဏ တို့သည် လုံ့လကြောင့် ဖြစ်ကုန်သော ကြီးမားကြမ်းတမ်း စပ်ရှားကုန်သော ဆင်းရဲခံစားခြင်းတို့ကို မခံစားကုန်သော်လည်း ဉာဏ် အကျိုးငှါ အမြင်အကျိုးငှါ အတုမဲ့ထိုးထွင်း၍ သိခြင်းငှါ မထိုက်တန်ကုန်။ ဘာရဒွါဇ ငါ့အား ရှေးက မကြားဖူးသော ဤရှေးဦးစွာအံ့ဩဖွယ်ရာ ဥပမာသည် ထင်လာ၏။

ဘာရဒွါဇ ငါ့အား ရှေးက မကြားဖူးသော နှစ်ခုမြောက် အံ့ဩဖွယ်ရာ အခြားဥပမာသည် ထင်လာပြန်၏။ ဘာရဒွါဇ ရေမှ ဝေးစွာ ကုန်း၌ ချထားအပ်သည့် အစေးရှိသော ထင်းစိုသည် ရှိ၏၊ ထိုအခါ ယောက်ျားသည် မီးပွတ်ခုံကို ယူ၍ "မီးကို ဖြစ်စေအံ့၊ တေဇောဓာတ်ကို ထင်ရှားပြုအံ့"ဟု လာရာ၏။ ဘာရဒွါဇ ထိုအရာကို အဘယ်သို့ မှတ်ထင်ဘိသနည်း၊ စင်စစ် ထိုယောက်ျားသည် ဤမည်သော ရေမှဝေးစွာ ကုန်း၌ ချထားအပ်သည့် အစေးရှိသော ထင်းစိုကို မီးပွတ်ခုံသို့ ယူ၍ ပွတ်တိုက်သော်မီးကို ဖြစ်စေနိုင်ရာသလော၊ တေဇောဓာတ်ကို ထင်ရှားပြုနိုင်ရာသလောဟု (မေးတော်မူ၏)။ အသျှင်ဂေါတမ မဖြစ်နိုင်ပါ၊ အဘယ့်ကြောင့်နည်းဟူမူ- အသျှင်ဂေါတမ ဤမည်သော ထင်းစိုသည် ရေမှ ဝေးစွာကုန်း၌ ချထားစေကာမူ အစေးရှိသေးသောကြောင့်ပါတည်း။ ထိုယောက်ျားသည် ကိုယ်ပင်ပန်းရုံ စိတ်ပင်ပန်းရုံသာ ဖြစ်ရာပါ၏ဟု (လျှောက်၏)။

ဘာရဒွါဇ ဤအတူပင်လျှင် အချို့သော သမဏဗြာဟ္မဏတို့သည် ကိုယ်ဖြင့်လည်းကောင်း၊ စိတ်ဖြင့်လည်းကောင်း လိုချင်မှုတို့မှ ကင်းဆိတ်လျက် နေကုန်၏။ ထိုသမဏဗြာဟ္မဏတို့သည် ကိုယ်တွင်းသန္တာန်ဝယ် လိုချင်ဖွယ်ဝတ္ထုတို့၌ လိုချင်တပ်မက်မှု လိုချင်မှုအစေး လိုချင်သောအားဖြင့် တွေဝေခြင်း လိုချင်မှုမွတ်သိပ်ခြင်း လိုချင်မှုပူဆာခြင်းကို ကောင်းစွာ မပယ်ရသေး၊ ကောင်းစွာ မငြိမ်းရသေး၊ အကယ်၍ ထိုအသျှင်သမဏဗြာဟ္မဏတို့သည် လုံ့လကြောင့် ဖြစ်ကုန်သော ကြီးမားကြမ်းတမ်း စပ်ရှားကုန်သောဆင်းရဲခံစားခြင်းတို့ကို ခံစားကုန်သော်လည်း ဉာဏ်အကျိုးငှါ အမြင်အကျိုးငှါ အတုမဲ့ ထိုးထွင်း၍ သိခြင်းငှါ မထိုက်တန်ကုန်။ အကယ်၍ ထိုအသျှင် သမဏဗြာဟ္မဏတို့သည် လုံ့လကြောင့် ဖြစ်ကုန်သောကြီးမားကြမ်းတမ်း စပ်ရှားကုန်သော ဆင်းရဲခံစားခြင်းတို့ကို မခံစားကုန်သော်လည်း ဉာဏ်အကျိုးငှါ အမြင်အကျိုးငှါ အတုမဲ့ ထိုးထွင်း၍ သိခြင်းငှါ မထိုက်တန်ကုန်။ ဘာရဒွါဇ ငါ့အား ရှေးက မကြားဘူးသောအံ့သြဖွယ်ရာ နှစ်ခုမြောက် ဤဥပမာသည် ထင်လာ၏။

ဘာရဒွါဇ ငါ့အား ရှေးက မကြားဖူးသော အံ့သြဖွယ်ရာ သုံးခုမြောက်သော အခြား ဥပမာသည်လည်း ထင်လာ၏။ ဘာရဒွါဇ ရေမှ ဝေးစွာ ကုန်း၌ ချထားအပ်သည့် ခြောက်သွေ့သော ထင်းသည်ရှိ၏။ ထိုအခါ ယောကျ်ားသည် မီးပွတ်ခုံကို ယူ၍ "မီးကို ဖြစ်စေအံ့၊ တေဇောဓာတ်ကို ထင်ရှားပြုအံ့"ဟု လာရာ၏။ ဘာရဒွါဇ ထိုအရာကို အဘယ်သို့ မှတ်ထင်ဘိသနည်း။ စင်စစ် ထိုယောကျ်ားသည်ရေမှ ဝေးစွာ ကုန်း၌ ချထားအပ်သည့် ခြောက်သွေ့သော ထင်းကို မီးပွတ်ခုံသို့ ယူ၍ ပွတ်သော် မီးကိုဖြစ်စေနိုင်ရာသလော၊ တေဇောဓာတ်ကို ထင်ရှားပြုနိုင်ရာသလောဟု (မေးတော်မူ၏)။ အသျှင်ဂေါတမဖြစ်နိုင်ပါ၏၊ အဘယ့်ကြောင့်နည်းဟူမူ- အသျှင်ဂေါတမ ဤမည်သော ထင်းသည် ခြောက်သွေ့နေ၍ ရေမှဝေးစွာ ကုန်း၌ ချထားသောကြောင့်ပါတည်းဟု (လျှောက်၏)။

ဘာရဒွါဇ ဤအတူပင်လျှင် အချို့သော သမဏဗြာဟ္မဏတို့သည် ကိုယ်ဖြင့်လည်းကောင်း စိတ်ဖြင့်လည်းကောင်း လိုချင်မှုတို့မှ ကင်းဆိတ်လျက် နေကုန်၏။ ထိုသမဏဗြာဟ္မဏတို့သည် ကိုယ်တွင်းသန္တာန်ဝယ် လိုချင်ဖွယ်ဝတ္ထုတို့၌ လိုချင်တပ်မက်မှု လိုချင်မှုအစေး လိုချင်သောအားဖြင့် တွေဝေခြင်းလိုချင်မှုမွတ်သိပ်ခြင်း လိုချင်မှု ပူဆာခြင်းကို ကောင်းစွာ ပယ်ပြီးဖြစ်၏၊ ကောင်းစွာ ငြိမ်းပြီးဖြစ်၏၊ အကယ်၍ ထိုအသျှင်သမဏဗြာဟ္မဏတို့သည် လုံ့လကြောင့် ဖြစ်ကုန်သော ကြီးမား ကြမ်းတမ်း စပ်ရှားကုန်သော ဆင်းရဲခံစားခြင်းတို့ကို ခံစားကုန်သော်လည်း ဉာဏ်အကျိုးငှါ အမြင် အကျိုးငှါ အတုမဲ့ ထိုးထွင်း၍ သိခြင်းငှါ ထိုက်တန်ကုန်၏။ အကယ်၍ ထိုအသျှင် သမဏဗြာဟ္မဏ တို့သည် လုံ့လကြောင့် ဖြစ်ကုန်သော ကြီးမား ကြမ်းတမ်း စပ်ရှားကုန်သော ဆင်းရဲခံစားခြင်းတို့ကို မခံစားကုန်သော်လည်း ဉာဏ်အကျိုးငှါအမြင်အကျိုးငှါ အတုမဲ့ ထိုးထွင်း၍ သိခြင်းငှါ ထိုက်တန်ကုန်၏။ ဘာရဒွါဇ ငါ့အား ရှေးက မကြားဖူးသော အံ့သြဖွယ်ရာ ဤသုံးခုမြောက်ဥပမာသည် ထင်လာ၏။ ဘာရဒွါဇ ငါ့အား ရှေးက မကြားဖူးကုန်သော ဤအံ့သြဖွယ်ရာ ဥပမာသုံးရပ်တို့သည် ထင်လာကုန်၏။

(စာပိုဒ်၊ ၄၇၇-၄၇၉။) (မ၊မြန်၊ ၂။၄၃၅။)(မ၊၂။၄၂၉။)(၁၀ မှတ်)

အုပ်စု (၃) မဇ္ဈိမပဏ္ဏာသ ပါဠိတော် မြန်မာပြန် မေးခွန်း+အဖြေလွှာ

မေး ၃။ အဋ္ဌကမြို့သား ဒသမသူကြွယ်က အရှင်အာနန္ဒာအား ကျေးဇူးဆပ်ခဲ့ပုံကို ဖော်ပြ၍၊ အသားကို ရဟန်းတို့ စားကောင်း၊မစားကောင်း ဇီဝကသုတ်လာအတိုင်း ဆုံးဖြတ်ပြခဲ့ပါ။

ဖြေ ၃။ အဋ္ဌကမြို့သား ဒသမသူကြွယ်သည် အသျှင်အာနန္ဒာကို သုံးထည်သော သင်္ကန်းဖြင့် ဖုံးလွှမ်း (လှူဒါန်း)ခြင်း၊ အသျှင်အာနန္ဒာအတွက် ငါးရာတန်ကျောင်းကို ဆောက်လုပ်လှူခြင်းတို့ ဖြင့် ကျေးဇူးဆပ်ခဲ့ပါသည်။ (စာပိုဒ်၊၂၁။) (မ၊မြန်၊၂။၁၈။)(မ၊၂။၁၆။),

ဇီဝက သုံးပါးသော အကြောင်းတို့ဖြင့် အသားကို မသုံးဆောင်ကောင်းဟူ၍ ငါဟောကြား၏။ မြင်ခြင်း၊ ကြားခြင်း၊ ယုံမှားခြင်းဟူသော ဤသုံးပါးသော အကြောင်းတို့ဖြင့် အသားကို မသုံးဆောင်ကောင်းဟူ၍ ငါ ဟောကြား၏။ ဇီဝက သုံးပါးသော အကြောင်းတို့ဖြင့် အသားကို သုံးဆောင်ကောင်း၏ဟူ၍ ငါ ဟောကြား၏။ မမြင်ခြင်း၊ မကြားခြင်း၊ ယုံမှားမရှိခြင်း ဟူသော ဤသုံးပါးသော အကြောင်းတို့ဖြင့် အသားကို သုံးဆောင်ကောင်း၏ ဟူ၍ ငါ ဟောကြား၏။

(စာပိုဒ်၊၅၂။)(မ၊မြန်၊၂။၃၇။)(မ၊၂။၃၂။)(၆+၄=၁၀ မှတ်)

မေး ၄။ -(က) မည်းညစ်၍ မည်းညစ်သော အကျိုးရှိသော ကံ
-(ခ) ဖြူစင်၍ ဖြူစင်သော အကျိုးရှိသော ကံ တို့ကို ဖော်ပြခဲ့ပါ။

ဖြေ ၄။ ပုဏ္ဏ မည်းညစ်၍ မည်းညစ်သောအကျိုးရှိသော ကံဟူသည် အဘယ်နည်း-ပုဏ္ဏ အချို့သော သူသည် ဆင်းရဲ (ကြောင်းဖြစ်)သော ကိုယ်ဖြင့် ပြုလုပ်မှု 'ကာယသင်္ခါရ'ကို ပြုလုပ်၏၊ ဆင်းရဲ (ကြောင်းဖြစ်) သော နှုတ်ဖြင့် ပြုလုပ်မှု 'ဝစီသင်္ခါရ' ကို ပြုလုပ်၏၊ ဆင်းရဲ (ကြောင်းဖြစ်) သော စိတ်ဖြင့် ပြုလုပ်မှု'မနောသင်္ခါရ' ကို ပြုလုပ်၏။ ထိုသူသည် ဆင်းရဲ (ကြောင်းဖြစ်) သော ကိုယ်ဖြင့် ပြုလုပ်မှုကို ပြုလုပ်သောကြောင့်၊ ဆင်းရဲ (ကြောင်းဖြစ်)သော နှုတ်ဖြင့် ပြုလုပ်မှုကို ပြုလုပ်သောကြောင့်၊ ဆင်းရဲ (ကြောင်းဖြစ်)သော စိတ်ဖြင့် ပြုလုပ်မှုကို ပြုလုပ်သောကြောင့် ဆင်းရဲသော လောကသို့ ရောက်ရ၏၊ ဆင်းရဲသောလောကသို့ ရောက်ရသော ထိုသူ့ကို ဆင်းရဲသော အတွေ့အထိတို့သည် တွေ့ထိကုန်၏၊ ထိုသူသည်ဆင်းရဲသော အတွေ့အထိတို့ တွေ့ထိသည်ရှိသော် စင်စစ် ဆင်းရဲသော ဝေဒနာကို ခံစားရ၏၊ ငရဲသို့ကျခံရသော သတ္တဝါတို့ကဲ့သို့တည်း။ ပုဏ္ဏ ဤသို့လျှင် ကံကြောင့် သတ္တဝါ၏ ဖြစ်ပေါ်ခြင်းသည် ဖြစ်၏၊ ပြုလုပ်သော ကံကြောင့်သာလျှင် ဖြစ်ပေါ်၍ လာ၏၊ ထိုဖြစ်ပေါ်လာသော သတ္တဝါကိုအတွေ့အထိတို့သည် တွေ့ထိကြကုန်၏၊ ပုဏ္ဏ ဤသို့လည်း 'သတ္တဝါတို့သည် ကံသာလျှင် အမွေဥစ္စာရှိကုန်၏' ဟူ၍ ငါ ဟောကြား၏။ ပုဏ္ဏ ဤကံကို မည်းညစ်၍ မည်းညစ်သော အကျိုးရှိသော ကံဟူ၍ဆိုရ၏။

ပုဏ္ဏ ဖြူစင်၍ ဖြူစင်သော အကျိုးရှိသော ကံဟူသည် အဘယ်နည်း- ပုဏ္ဏ အချို့သော သူသည် မဆင်းရဲ (ကြောင်းဖြစ်) သော ကိုယ်ဖြင့် ပြုလုပ်မှုကို ပြုလုပ်၏၊ မဆင်းရဲ (ကြောင်းဖြစ်) သော နှုတ်ဖြင့် ပြုလုပ်မှုကို ပြုလုပ်၏၊ မဆင်းရဲ (ကြောင်းဖြစ်) သော စိတ်ဖြင့် ပြုလုပ်မှုကို ပြုလုပ်၏၊ ထိုသူသည် ထိုမဆင်းရဲ (ကြောင်းဖြစ်) သော ကိုယ်ဖြင့် ပြုလုပ်မှုကို ပြုလုပ်သောကြောင့်၊ မဆင်းရဲ (ကြောင်းဖြစ်) သော နှုတ်ဖြင့် ပြုလုပ်မှုကို ပြုလုပ်သောကြောင့်၊ မဆင်းရဲ (ကြောင်းဖြစ်) သော စိတ်ဖြင့် ပြုလုပ်မှုကို ပြုလုပ်သောကြောင့် မဆင်းရဲသော လောကသို့ ရောက်ရ၏၊ မဆင်းရဲသော လောကသို့ ရောက်သော ထိုသူ့ကို မဆင်းရဲသော အတွေ့အထိတို့သည် တွေ့ထိကုန်၏၊ ထိုသူသည် မဆင်းရဲသော အတွေ့အထိတို့ တွေ့ထိသည်ရှိသော် စင်စစ် ချမ်းသာသော ဝေဒနာကို ခံစားရ၏၊ သုဘကိဏှာ ဗြဟ္မာတို့ကဲ့သို့တည်း။ ပုဏ္ဏ ဤသို့လျှင် ကံကြောင့် သတ္တဝါ၏ ဖြစ်ပေါ်လာခြင်းသည် ဖြစ်၏။ ပြုလုပ်သော ကံကြောင့်သာလျှင်ဖြစ်ပေါ်၍ လာ၏၊ ထိုဖြစ်ပေါ်လာသော သတ္တဝါကို အတွေ့အထိတို့သည် တွေ့ထိကုန်၏၊ ပုဏ္ဏဤသို့လည်း 'သတ္တဝါတို့သည် ကံသာလျှင် အမွေဥစ္စာ ရှိကုန်၏' ဟူ၍ ငါဟောကြား၏။ ပုဏ္ဏ ဤကံကိုဖြူစင်၍ ဖြူစင်သော အကျိုးရှိသော ကံဟူ၍ ဆိုရ၏။

(စာပိုဒ်၊၈၁။)(မပြန်၊၂။၅၇။) (မ၊၂။၅၂။), (စာပိုဒ်၊၈၁။)(မပြန်၊၂။၅၈။)(မ၊၂။၅၂။),(၅+၅=၁၀ မှတ်)

မေး ၅။ တရားဆယ်ပါးနှင့် ပြည့်စုံသောရဟန်း မြတ်သောအလှူ ခံထိုက်ပုံကို အာဇာနည် မြင်းကောင်းဥပမာဖြင့် ရှင်းလင်း ဖော်ပြခဲ့ပါ။

ဖြေ ၅။ ဘဒ္ဒါလိ ဥပမာသော်ကား

ကျွမ်းကျင်သော မြင်းဆရာသည် အာဇာနည်မြင်းကောင်းကို ရသည်ရှိသော် ရှေးဦးစွာ ဇက်ခွံ့ရာ၌ ညှဉ်းပန်းမှုကို ပြုစေ၏၊ ထိုဇက်ခွံ့ရာ၌ ညှဉ်းပန်းမှုအ ပြုခံရသောထိုအာဇာနည်မြင်းအား အနည်းအကျဉ်းသော ဆိုးသွမ်းမှု ကြမ်းတမ်းမှု လှုပ်ရှားမှုတို့သည် ဖြစ်ပေါ်လာကုန်သည်သာတည်း၊ ထိုသို့ ဖြစ်ခြင်းသည် ရှေး၌ မပြုလုပ်စေခဲ့ဖူးသေးသော ညှဉ်းဆဲမှုကို အပြုခံရသော သတ္တဝါ၏ ထုံးတမ်းအတိုင်းပင်တည်း။ ထိုမြင်းသည် မပြတ်ညှဉ်းဆဲခြင်းဟူသော အကြောင်းကြောင့်အစဉ်အတိုင်း ညှဉ်းဆဲခြင်းဟူသော အကြောင်းကြောင့် ထိုမယဉ်ကျေးသောအရာ၌ ကြမ်းတမ်းမှုသည်ငြိမ်း၏။

ဘဒ္ဒါလိ အကြင်အခါ၌ အာဇာနည်မြင်းကောင်းသည် မပြတ် ညှဉ်းဆဲခြင်းဟူသော အကြောင်းကြောင့် အစဉ်အတိုင်း ညှဉ်းဆဲခြင်းဟူသော အကြောင်းကြောင့် ထိုမယဉ်ကျေးသော အရာ၌ ကြမ်းတမ်းမှုသည်ငြိမ်း၏၊ ထိုမြင်းအာဇာနည်ကို မြင်းဆရာသည် ထို့ထက်အလွန် ယာဉ်တပ်ခြင်း၌ ညှဉ်းဆဲမှုကို ပြုစေပြန်၏၊ ယာဉ်တပ်ခြင်း၌ ညှဉ်းဆဲမှုအပြုခံရသော ထိုမြင်းအား အနည်းအကျဉ်းသော ဆိုးသွမ်းမှု ကြမ်းတမ်းမှု လှုပ်ရှားမှုတို့သည် ဖြစ်ပေါ်လာကုန်သည်သာတည်း၊ ထိုသို့ဖြစ်ခြင်းသည် ရှေး၌ မပြုလုပ်စေခဲ့ဖူးသေးသော ညှဉ်းဆဲမှုကို အပြုခံရသော သတ္တဝါ၏ ထုံးတမ်းအတိုင်းပင်တည်း။ ထိုမြင်းသည် မပြတ်ညှဉ်းဆဲခြင်းဟူသော အကြောင်းကြောင့် အစဉ်အတိုင်း ညှဉ်းဆဲခြင်းဟူသော အကြောင်းကြောင့် ထိုမယဉ်ကျေးသောအရာ၌ ကြမ်းတမ်းမှုသည် ငြိမ်း၏။

ဘဒ္ဒါလိ အကြင်အခါ၌ အာဇာနည်မြင်းကောင်းသည် မပြတ် ညှဉ်းဆဲခြင်းဟူသော အကြောင်းကြောင့် အစဉ်အတိုင်း ညှဉ်းဆဲခြင်းဟူသော အကြောင်းကြောင့် ထိုမယဉ်ကျေးသော အရာ၌ ကြမ်းတမ်းမှုသည်ငြိမ်း၏။

ထိုမြင်းကို မြင်းဆရာသည် ထို့ထက်အလွန် ညှဉ်းဆဲမှုကို ပြုစေပြန်၏၊ ခုန်လွှားခြင်း၌လည်းကောင်း၊ လုံးနေအောင်ပြေးခြင်း၌လည်းကောင်း၊ ခွာဖျားထောက်၍ ပြေးခြင်း၌လည်းကောင်း၊ ကောင်းစွာ ဆောင်နိုင်ခြင်း၌လည်းကောင်း၊ မထိတ်မလန့် စစ်ပွဲသို့ဝင်ခြင်း၌လည်းကောင်း၊ မင်းသိစေရန် ဂုဏ်ပြုနိုင်ခြင်း၌လည်းကောင်း၊ ရာဇဝင်တွင်အောင် ဆောင်ရွက်ခြင်း၌လည်းကောင်း၊ အသာလွန်ဆုံး လျင်မြန်ခြင်း၌လည်းကောင်း၊ အကောင်းဆုံးမြင်း ဖြစ်စေခြင်း၌လည်းကောင်း၊ အသိမ်မွေ့ဆုံးသော စကားဖြင့် စေနိုင်းရခြင်း၌လည်းကောင်း၊ ညှဉ်းဆဲမှုကို ပြုစေ၏၊ အသာလွန်ဆုံး လျင်မြန်ခြင်း၌လည်းကောင်း၊ အကောင်းဆုံး မြင်း ဖြစ်စေခြင်း၌လည်းကောင်း၊ အသိမ်မွေ့ဆုံးသော စကားဖြင့် စေနိုင်းရခြင်း၌လည်းကောင်း ညှဉ်းဆဲမှု အပြုခံရသော ထိုမြင်းအား အနည်းအကျဉ်းသော ဆိုးသွမ်းမှု ကြမ်းတမ်းမှု လှုပ်ရှားမှုတို့သည် ဖြစ်ပေါ်လာကုန်သည်သာလျှင်တည်း၊ ထိုသို့ ဖြစ်ပေါ်ခြင်းသည် ရှေး၌ မပြုလုပ်စေခဲ့ဖူးသော ညှဉ်းပန်းမှုကို အပြုခံရသော သတ္တဝါ၏ ထုံးတမ်း

အတိုင်းပင်တည်း။ ထိုမြင်းသည်မပြတ်ညှဉ်းဆဲခြင်း ဟူသော အကြောင်း ကြောင့် အစဉ်အတိုင်း ညှဉ်းဆဲခြင်းဟူသော အကြောင်းကြောင့်ထိုမယဉ်ကျေးသော အရာ၌ ကြမ်းတမ်းမှု သည် ငြိမ်း၏။

ဘဒ္ဒါလိ အကြင်အခါ၌ အာဇာနည်မြင်းကောင်းသည် မပြတ်ညှဉ်းဆဲခြင်းဟူသော အကြောင်းကြောင့် အစဉ်အတိုင်း ညှဉ်းဆဲခြင်းဟူသော အကြောင်းကြောင့် ထိုမယဉ်ကျေးသော အရာ၌ ကြမ်းတမ်းမှုသည် ငြိမ်း၏။ ထိုမြင်းကို မြင်းဆရာသည် ထို့ထက်အလွန် မင်းနှင့်သာထိုက်သော အစာကိုလည်းကောင်း၊ မင်းနှင့်သာထိုက်သော ရေကိုလည်းကောင်း ကျွေး၏။ ဘဒ္ဒါလိ ဆယ်ပါးကုန်သော ဤအကြောင်းအင်္ဂါတို့နှင့် ပြည့်စုံသော အာဇာနည်မြင်းကောင်းသည် မင်းနှင့်ထိုက်တန်၏၊ မင်းတို့သုံးဆောင်သင့်၏၊ မင်း၏ အင်္ဂါ ဟူ၍သာ ရေတွက်ခြင်းသို့ ရောက်၏။

ဘဒ္ဒါလိ ဤအတူသာလျှင် ဆယ်ပါးကုန်သောတရားတို့နှင့် ပြည့်စုံသော ရဟန်းသည် အဝေးမှဆောင်ယူ၍ လှူအပ်သော အလှူကို ခံထိုက်၏၊ ဧည့်သည်တို့အား ရည်မှတ်၍ ထားသော အလှူကိုခံထိုက်၏၊ မြတ်သော အလှူကို ခံထိုက်၏၊ လက်အုပ်ချီခြင်းကို ခံထိုက်၏၊ သတ္တဝါအပေါင်း၏ ကုသိုလ်မျိုးစေ့တို့ စိုက်ပျိုးရာ အတုမရှိ မြတ်သော လယ်ယာမြေကောင်းသဖွယ် ဖြစ်၏။

ဆယ်ပါးသော တရားတို့ဟူသည် အဘယ်နည်း- ဘဒ္ဒါလိ ဤသာသနာတော်၌ ရဟန်းသည်ရဟန္တာတို့၏ ဥစ္စာဖြစ်သော ကောင်းသော ဉာဏ်အမြင်နှင့် ပြည့်စုံ၏၊ ရဟန္တာတို့၏ ဥစ္စာဖြစ်သောကောင်းသော အကြံနှင့် ပြည့်စုံ၏၊ ရဟန္တာတို့၏ ဥစ္စာဖြစ်သော ကောင်းသော စကားနှင့် ပြည့်စုံ၏၊ ရဟန္တာတို့၏ ဥစ္စာဖြစ်သော ကောင်းသောအမှု ပြုခြင်းနှင့် ပြည့်စုံ၏၊ ရဟန္တာတို့၏ ဥစ္စာဖြစ်သောကောင်းသော အသက်မွေးခြင်းနှင့် ပြည့်စုံ၏၊ ရဟန္တာတို့၏ ဥစ္စာဖြစ်သော ကောင်းသော အားထုတ်ခြင်းနှင့် ပြည့်စုံ၏၊ ရဟန္တာတို့၏ ဥစ္စာဖြစ်သော ကောင်းသော သတိနှင့် ပြည့်စုံ၏၊ ရဟန္တာတို့၏ ဥစ္စာဖြစ်သော ကောင်းသော တည်ကြည်မှု 'သမာဓိ'နှင့် ပြည့်စုံ၏၊ ရဟန္တာတို့၏ ဥစ္စာဖြစ်သော ကောင်းသောဉာဏ်အမြင်နှင့် ပြည့်စုံ၏၊ ရဟန္တာတို့၏ ဥစ္စာဖြစ်သော ကောင်းသော လွတ်မြောက်ခြင်း 'ဝိမုတ္တိ'နှင့်ပြည့်စုံ၏။

ဘဒ္ဒါလိ ဤဆယ်ပါးသော အင်္ဂါတို့နှင့် ပြည့်စုံသော ရဟန်းသည် အဝေးမှ ဆောင်ယူ၍ လှူအပ်သောအလှူကို ခံထိုက်၏၊ ဧည့်သည်တို့အား ရည်မှတ်၍ ထားအပ်သော အလှူကို ခံထိုက်၏၊ မြတ်သောအလှူကို ခံထိုက်၏၊ လက်အုပ်ချီခြင်းကို ခံထိုက်၏၊ သတ္တဝါအပေါင်း၏ ကုသိုလ်မျိုးစေ့တို့ စိုက်ပျိုးရာအတုမရှိ မြတ်သော လယ်ယာမြေကောင်းဖြစ်ပေ၏ဟု ဆိုရ၏ ဟူ၍ မြတ်စွာဘုရားသည် ဤတရားတော်ကိုဟောကြားတော်မူ၏။

(စာပိုဒ်၊၁၄၆။)(မ၊မြန်၊၂။၁၁၇။) (မ၊၂။၁၀၉။)(၁၀ မှတ်)

အုပ်စု (၃) မဇ္ဈိမပဏ္ဏာသ ပါဠိတော် မြန်မာပြန် မေးခွန်း+အဖြေလွှာ

မေး ၆။ သူတော်ကောင်းတို့ကို ဆည်းကပ်ရခြင်းကြောင့် ကောင်းကျိုးအဆက်ဆက် ရနိုင်ပုံကို မာဂဏ္ဍိယသုတ်၌ ဟောတော်မူသည့်အတိုင်း ရေးသား ဖော်ပြခဲ့ပါ။

ဖြေ ၆။ မာဂဏ္ဍိယ သို့ဖြစ်မူ သင်သည် သူတော်ကောင်းတို့ကို ဆည်းကပ်လော့၊ မာဂဏ္ဍိယ သင်သည်သူတော်ကောင်းတို့ကို မှီဝဲဆည်းကပ်ရသောကြောင့် သူတော်ကောင်းတို့၏ တရားကို ကြားနာ ရလတ္တံ့။ မာဂဏ္ဍိယ သင်သည် သူတော်ကောင်းတို့၏ တရားကို ကြားနာရသောကြောင့် လောကုတ္တရာတရားအားလျော်သော အကျင့်ကို ကျင့်ရလတ္တံ့။ မာဂဏ္ဍိယ သင်သည် လောကုတ္တရာ တရားအားလျော်သော အကျင့်ကို ကျင့်ရသောကြောင့် "ဤသည်တို့ကား ရောဂါတို့တည်း၊ အိုင်းအမာတို့တည်း၊ မြားငြောင့်တို့တည်း၊ ဤ၌ ရောဂါတို့သည် အိုင်းအမာတို့သည် မြားငြောင့်တို့သည် အကြွင်းမဲ့ ချုပ်ကုန်၏။ ထိုငါ့အား စွဲလမ်းမှု 'ဉပါဒါန်' ချုပ်ခြင်းကြောင့် ဘဝ၏ ချုပ်ခြင်းသည် ဖြစ်၏၊ ဘဝ၏ ချုပ်ခြင်းကြောင့် ပဋိသန္ဓေတည်နေရမှု 'ဇာတိ' ချုပ်၏၊ ပဋိသန္ဓေတည်နေရမှု 'ဇာတိ'၏ ချုပ်ခြင်းကြောင့် အိုရခြင်း 'ဇရာ'၊ သေရခြင်း 'မရဏ'၊ ပူဆွေးရခြင်း 'သောက'၊ ငိုကြွေးရခြင်း 'ပရိဒေဝ'၊ ကိုယ်ဆင်းရဲခြင်း 'ဒုက္ခ'၊ စိတ်ဆင်းရဲခြင်း'ဒေါမနဿ'၊ ပြင်းစွာပင်ပန်းခြင်း 'ဉပါယာသ' တို့သည် ချုပ်ကုန်၏၊ ဤသို့ ဤဆင်းရဲတုံးသက်သက်၏ ချုပ်ခြင်းသည် ဖြစ်၏"ဟု ကိုယ်တိုင်သာ သိရလတ္တံ့ဟု (မိန့်တော်မူ၏)။

(စာပိုဒ်၊၂၂၁။) (မ၊မြန်၊၂။၁၉၀။)(မ၊၂။၁၇၉။)(၁၀ မှတ်)

မေး ၇။ ကောရဗျမင်းက အသျှင်ရဋ္ဌပါလအားလျှောက်ထားသော ပျက်စီးခြင်းတရား လေးပါးနှင့် အရှင်ရဋ္ဌပါလက မိန့်ကြားသော အရှင်မြတ် ရဟန်းပြုခဲ့ခြင်း၏ အကြောင်းတရား လေးပါးတို့ကို တိကျစွာ ဖော်ပြခဲ့ပါ။

ဖြေ ၇။ အသျှင်ရဋ္ဌပါလ ပျက်စီးခြင်းတို့သည် ဤလေးပါးတို့ပါတည်း၊ ယင်းပျက်စီးခြင်းတို့နှင့် ပြည့်စုံသော သူအချို့တို့သည်သာ ဆံမုတ်ဆိတ်ကို ပယ်၍ ဖန်ရည်ဆိုးသော အဝတ်တို့ကို ဝတ်ပြီးလျှင် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ကြပါကုန်၏။ အဘယ်လေးပါးတို့နည်း ဟူမူ- အိုမှုဟူသော ပျက်စီးခြင်း၊ နာမှုဟူသော ပျက်စီးခြင်း၊ စည်းစိမ်ပျက်စီးခြင်း၊ ဆွေမျိုးပျက်စီးခြင်းတို့ပေတည်း။

မင်းကြီး သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် လေးပါးသော တရား အကျဉ်းတို့ကို ညွှန်ပြတော်မူ၏။ ငါသည် ယင်းတရားကို သိ၍ မြင်၍ ကြား၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ဝင်ရောက်ခဲ့၏။ အဘယ်လေးပါးတို့နည်း ဟူမူ- မင်းကြီး "လူအပေါင်းသည် အိုခြင်း သေခြင်းသို့ ရောက်ရ၏၊ အမြဲမတည်"ဟူ၍ သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူ ထိုက်သော (အလုံးစုံသောတရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော ထိုမြတ်စွာ ဘုရားသည် ရှေးဦးစွာသော တရားအကျဉ်းကိုညွှန်ပြတော်မူ၏။ ငါသည် ယင်းတရားအကျဉ်းကို သိ၍ မြင်၍ ကြား၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ဝင်ရောက်၏။ မင်းကြီး "လူအပေါင်းသည် ခိုကိုးရာမရှိ၊ အားထားရာ မရှိ"ဟူ၍ သိတော်မူ မြင်တော်မူ၍ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် နှစ်ခုမြောက်သော တရားအကျဉ်းကို ညွှန်ပြတော်မူ၏။ ငါသည် ယင်းတရားကို သိ၍မြင်၍ ကြား၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့၏။ မင်းကြီး "လူအပေါင်းသည် ကိုယ်ပိုင်ဥစ္စာမရှိ၊ အလုံးစုံသော ဥစ္စာကို စွန့်လွှတ်၍ သွားရ၏"ဟူ၍ သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကိုခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည်သုံးခုမြောက်သော တရား အကျဉ်းကို ညွှန်ပြတော်မူ၏။ ငါသည် ယင်းတရားကို သိ၍ မြင်၍ ကြား၍လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့၏။ မင်းကြီး "လူအပေါင်းသည် အလိုမပြည့်၊ ယုတ်လျော့လျက်သာ ရှိ၏၊ ရောင့်ရဲမှုမရှိ၊ တဏှာ၏ ကျွန်တည်း"ဟူ၍ သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကိုခံတော်မူထိုက်သော (အလုံးစုံသောတရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် လေးခု မြောက်သော တရားအကျဉ်းကို ညွှန်ပြတော်မူ၏။ ငါသည် ယင်းတရားကို သိ၍ မြင်၍ ကြား၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့၏။ မင်းကြီး သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူ ထိုက်သော (အလုံးစုံသောတရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော ထိုမြတ်စွာဘုရားသည် ဤလေးပါးသော တရားအကျဉ်းတို့ကို ညွှန်ပြတော်မူ၏။ ငါသည် ယင်းတရားလေးပါးကို သိ၍ မြင်၍ ကြား၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၏ဟု (ဆို၏)။

(စာပိုဒ်၊၃၀၄၊၃၀၅။)(၅+၅=၁၀)

မေး ၈။ ဘုရားရှင် ဇိနမည်တော်မူခြင်း၏ အကြောင်းကို ရေးသားဖော်ပြ၍၊ ဗောဓိမင်းသား၏ ထူးခြားစွာ သရဏဂုံ ဆောက်တည်ခဲ့ပုံများကိုလည်း ရေးသားဖော်ပြခဲ့ပါ။

ဖြေ ၈။ "ဥပက အာသဝေါတရားတို့ကုန်ခြင်းသို့ ရောက်သော ငါကဲ့သို့သော ပုဂ္ဂိုလ်တို့သည် စင်စစ် ဇိနမည်ကုန်၏၊ ငါသည် ယုတ်မာသော အကုသိုလ်တရားတို့ကို အောင်အပ်ပြီး ဖြစ်သောကြောင့် ဇိနမည်၏"ဟု (မိန့်တော်မူ၏)။

အချင်းသဉ္စိကာပုတ္တ ငါသည် ဤသို့သော စကားကို မယ်တော်၏ မျက်မှောက်မှ ကြားနာ မှတ်သား လိုက်ရပါ၏၊ မယ်တော်၏ မျက်မှောက်မှ ဤစကားကို ခံယူဖူး၏၊ အချင်းသဉ္စိကာပုတ္တ အခါတစ်ပါး မြတ်စွာဘုရားသည် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ ကိုယ်ဝန်ဆောင်ဖြစ်သော ငါ၏ မယ်တော်သည် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကိုရှိခိုးပြီးလျှင် တစ်ခုသောနေရာ၌ ထိုင်နေလျက် "အသျှင်ဘုရား အကျွန်ုပ်၏ ဝမ်းတိုက်ရှိ ဤသတို့သား၊ သို့မဟုတ် သတို့သမီးသည် အသျှင်ဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ တရားတော်မြတ်ကိုလည်းကောင်း၊ ရဟန်းသံဃာအပေါင်းကိုလည်းကောင်း ကိုးကွယ် ရာဟူ၍ ဆည်းကပ်ပါ၏၊ မြတ်စွာဘုရားသည် ထိုသူငယ်ကို ယနေ့ကို အစပြု၍ အသက်ထက်ဆုံး ကိုးကွယ်ရာဟူ၍ ဆည်းကပ်သော ဥပါသကာဟူ၍ မှတ်တော်မူပါလော့"ဟု လျှောက်ခဲ့ပြီ။

အချင်းသဉ္စိကာပုတ္တ အခါတစ်ပါး မြတ်စွာဘုရားသည် ဘဂ္ဂတိုင်း သုသုမာရဂိရမြို့ဝယ် သားသမင် တို့ကိုဘေးမဲ့ပေးရာဖြစ်သော ဤပဲစင်းငုံတော၌ပင်လျှင် သီတင်းသုံးနေတော်မူ၏။ ထိုအခါ ငါ့ကို နို့ထိန်းသည် ရင်ခွင်ဖြင့် ပိုက်ချီ၍ မြတ်စွာဘုရားအထံသို့ ချဉ်းကပ်ပြီးလျှင် ရှိခိုးလျက် သင့်လျော်ရာ၌ ရပ်တည်ကာ "အသျှင်ဘုရား ဤဗောဓိမင်းသားသည် မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ တရားတော်မြတ်ကိုလည်းကောင်း၊ ရဟန်းသံဃာအပေါင်းကို လည်းကောင်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ မြတ်စွာဘုရားသည် ထိုဗောဓိမင်းသားကို ယနေ့ကို အစပြု၍ အသက်ထက်ဆုံး ကိုးကွယ်ရာဟူ၍ ဆည်းကပ်သော ဥပါသကာဟူ၍ မှတ်တော်မူပါလော့"ဟု လျှောက်ဖူးပြီ။ အချင်းသဉ္စိကာပုတ္တ ထိုငါသည် သုံးကြိမ်မြောက်လည်း မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ တရားတော်မြတ်ကိုလည်းကောင်း ရဟန်းအပေါင်းကိုလည်းကောင်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ မြတ်စွာဘုရားသည် အကျွန်ုပ်ကို ယနေ့ကို အစပြု၍ အသက်ထက်ဆုံး (ရတနာသုံးပါးကို) ကိုးကွယ်ရာဟူ၍ ဆည်းကပ်သော ဥပါသကာ ဟူ၍ မှတ်တော်မူပါလော့ဟု (လျှောက်လေသတည်း)။

(စာပိုဒ်၊၃၄၁။)(မ၊မြန်၊၂။၃၀၁။)(မ၊၂။၂၉၅။), (စာပိုဒ်၊၃၄၆။)(မ၊မြန်၊၂။၃၀၆။)(မ၊၂။၃၀၀။),

မေး ၉။ ဗာဟီတိကသုတ်လာ အောက်ပါကိုယ်ကျင့်တရားတို့ကို ဖော်ပြခဲ့ပါ။
(က) ပညာရှိ သမဏဗြာဟ္မဏတို့ အပြစ်မတင်ထိုက်သော ကိုယ်ကျင့်၊(ခ) ကောင်းသော ကိုယ်ကျင့်တရား၊(ဂ) အပြစ်မရှိသော ကိုယ်ကျင့်တရား၊(ဃ) ဆင်းရဲမရှိသော ကိုယ်ကျင့်တရား၊(င) ချမ်းသာသော အကျိုးကို ဖြစ်စေတတ်သော ကိုယ်ကျင့်တရား။

မေး ၉။ (က) ပညာရှိ သမဏဗြာဟ္မဏတို့ အပြစ်မတင်ထိုက်သော ကိုယ်ကျင့်တရား

(က) အသျှင်ဘုရားအာနန္ဒာ ပညာရှိသမဏဗြာဟ္မဏတို့ အပြစ်မတင်ထိုက်သော ကိုယ်ကျင့်တရားမျိုးဟူသည် အဘယ်ပါနည်းဟု (လျှောက်၏)။ မင်းကြီး ကောင်းသော ကိုယ်ကျင့်တရားမျိုးပေတည်းဟု (ဆို၏)။ (စာပိုဒ်၊၃၆၁။)(မ၊မြန်၊၂။၃၂၂။)(မ၊၂။၃၁၇။),

(ခ) ကောင်းသော ကိုယ်ကျင့်တရား

(ခ)အသျှင်ဘုရား ကောင်းသော ကိုယ်ကျင့် တရားမျိုးဟူသည် အဘယ်ပါနည်းဟု (လျှောက်၏)။ မင်းကြီးအပြစ်မရှိသော ကိုယ်ကျင့်တရားမျိုးပေတည်းဟု (ဆို၏)။
(စာပိုဒ်၊၃၆၁။) (မ၊မြန်၊၂။၃၂၂။) (မ၊၂။၃၁၈။),

(ဂ) အပြစ်မရှိသော ကိုယ်ကျင့်တရား

(ဂ)အသျှင်ဘုရား အပြစ်မရှိသော ကိုယ်ကျင့်တရားမျိုးဟူသည် အဘယ်ပါနည်းဟု (လျှောက်၏)။ မင်းကြီးဆင်းရဲမရှိသော ကိုယ်ကျင့်တရားမျိုးပေတည်းဟု (ဆို၏)။
(စာပိုဒ်၊၃၆၁။)(မ၊မြန်၊၂။၃၂၂။) (မ၊၂။၃၁၈။),

(ဃ) ဆင်းရဲမရှိသော ကိုယ်ကျင့်တရား

(ဃ) အသျှင်ဘုရား ဆင်းရဲမရှိသော ကိုယ်ကျင့်တရားမျိုးဟူသည် အဘယ်ပါနည်းဟု (လျှောက်၏)။ မင်းကြီး ချမ်းသာသော အကျိုးကို ဖြစ်စေတတ်သော ကိုယ်ကျင့်တရားမျိုးပေတည်းဟု (ဆို၏)။
(စာပိုဒ်၊၃၆၁။) (မ၊မြန်၊၂။၃၂၂။) (မ၊၂။၃၁၈။),

(င) ချမ်းသာသော အကျိုးကို ဖြစ်စေတတ်သော ကိုယ်ကျင့်တရား

(င) အသျှင်ဘုရား ချမ်းသာသော အကျိုးကို ဖြစ်စေတတ်သော ကိုယ်ကျင့်တရားမျိုးဟူသည် အဘယ်ပါနည်းဟု (လျှောက်၏)။ မင်းကြီး မိမိဆင်းရဲရန် သူတစ်ပါးဆင်းရဲရန် နှစ်ပါးစုံဆင်းရဲရန် မဖြစ်သည့်ပြင် ထိုပုဂ္ဂိုလ်အား အကုသိုလ်တရားတို့ ဆုတ်ယုတ်၍ ကုသိုလ်တရားတို့ တိုးပွါးခြင်း သဘောရှိသည့် တရားမျိုး ဖြစ်၏ဟု (ဆို၏)။ (၂+၂+၂+၂+၂+၂=၁၀ မှတ်)

(စာပိုဒ်၊၃၆၁။) (မ၊မြန်၊၂။၃၂၂။) (မ၊၂။၃၁၈။)

**မေး** ၁၀။ ဘုရားရှင်၏ လက္ခဏာတော်ကြီး ၃၂ ပါးအနက် (၇)(၉)(၁၀)(၂၀)(၂၇)ခုမြောက် လက္ခဏာတော်များကို တိကျစွာ ရေးသား ဖော်ပြခဲ့ပါ။

**မေး** ၁၀။ ထိုအသျှင်ဂေါတမသည် (ဖမိုးမှသည် လေးသစ်တက်၍ အထက်၌ တည်သော) မြင့်သော ဖမျက် ရှိ၏။ (၇)

ထိုအသျှင်ဂေါတမသည် ရပ်လျက်သာလျှင် မကိုင်းညွတ်ဘဲ နှစ်ဖက်သော လက်ဝါးအပြင်တို့ဖြင့် ပုဆစ်ဒူးတို့ကို သုံးသပ် ဆုပ်နယ်နိုင်၏။ (၉)

ထိုအသျှင်ဂေါတမသည် အအိမ်ဖြင့် ဖုံးလွှမ်းသော အင်္ဂါဇာတ် ရှိ၏။ (၁၀)

ထိုအသျှင်ဂေါတမသည် ညီညွတ်စွာ လုံးသော လည်ရှိ၏။ (၂၀)

ထိုအသျှင်ဂေါတမသည် ရှည်ပြန့်သော လျှာရှိ၏။ (၂၇) (၂+၂+၂+၂+၂+၂=၁၀ မှတ်)

(တပိုဒ်၊၃၈၆။)(မ၊မြန်၊၂။၃၄၁။)(မ၊၂။၃၃၆။),

## ၁၃၈၀ – ခုနှစ်၊
## မဇ္ဈိမပဏ္ဏာသပါဠိတော် မြန်မာပြန် မေးခွန်း

၁။ ဝမ်းတွင်းကန်းသည် အရောင်ကို မမြင်သကဲ့သို့ ပရိဗိုဇ်တို့သည် အာရောဂျပရမာ လာဘာ စသည်ကို နားမလည်ကြပုံပြစကားကို တိကျစွာဖော်ပြခဲ့ပါ။

၂။ ဖြဟ္မာယုသုတ်လာ ဗုဒ္ဓဟု ခေါ်ဆိုပုံပြ စကားရပ်ကို တိကျစွာဖော်ပြခဲ့ပါ။

၃။ ''ငါ့ထံသို့ ချဉ်းကပ်၍ မေးသူတို့အား ဤသို့မေးသော် ဤသို့ ဖြေကြားအံ့'' ဟု မြတ်စွာဘုရားအား ရှေးဦး မဆွကပင်လျှင် စိတ်ကူးကြံစည်ထားခြင်း ရှိသလော။ သို့မဟုတ် တစ်ခဏချင်းဖြင့်ပင် ထိုပြဿနာ၏ အဖြေသည် မြတ်စွာဘုရား၏ ဉာဏ်ထဲမှာ ထင်မြင်၍ လာသလော၊ ရှင်းလင်းပြခဲ့ပါ။

၄။ ဆရာအား ယုံကြည်ခြင်းရှိသော တပည့်များရရှိနိုင်သည့် အကျိုးများကို ကီဋာဂိရိသုတ်၌ ဟောတော် မူသည့်အတိုင်း ဖော်ပြခဲ့ပါ။

၅။ ဘုရားရှင်ကို ပသေနဒီကောသလမင်းကြီးက အလေးအနက် အရိုအသေပြုခြင်း၏ အကြောင်းများ အနက် ပထမဦးဆုံး အကြောင်းကိုသာ တိကျစွာဖော်ပြခဲ့ပါ။

၆။ သေလပုဏ္ဏားအား ဟောတော်မူသော ဘုရားရှင်၏ ဗုဒ္ဓမည်တော်မူပုံပြ စကားရပ်ကို တိကျစွာ ဖော်ပြ ခဲ့ပါ။

၇။ ဃောဋမုခသုတ်လာ ပုဂ္ဂိုလ်လေးမျိုးကို အကျဉ်းမျှဖော်ပြခဲ့ပါ။

၈။ ဆန္နအား များစွာကျေးဇူးပြုတတ်သော တရားကို စက္ကီသုတ်၌ ဟောတော်မူသည့်အတိုင်း အကြောင်းနှင့် တကွ ဖော်ပြခဲ့ပါ။

၉။ အောက်ပါတရားတို့ကို ဟောတော်မူရာသုတ်တို့ကို အတိအကျဖော်ပြခဲ့ပါ။

(က) စရဏဆယ်ငါးပါး

(ခ) အသျှင်သာရိပုတြာ၊ အသျှင်မောဂ္ဂလာန် အမှုးရှိကုန်သော ငါးရာသော ရဟန်းတို့ ဆူညံ၍ ဘုရားရှင် နှင်ထုတ်တော်မူကြောင်း။

၁၀။ အောက်ပါတရားတို့ကို ဟောတော်မူရာ သုတ်တို့ကိုလည်း အတိအကျဖော်ပြခဲ့ပါ။

(က) ဂင်္ဂါမြစ်သည် သမုဒ္ဒရာသို့ ညွတ်၍ တည်သကဲ့သို့ ဘုရားရှင်၏ ပရိသတ်သည် နိဗ္ဗာန်သို့ ညွတ်ကြောင်း

(ခ) အသျှင်သာရိပုတြာမထေရ် ရဟန္တာဖြစ်ကြောင်း။

တစ်ပုဒ်လျှင် (၁၀) မှတ်စီ

---

## ၂၀၁၉ (၁၃၈၁) ခုနှစ် ပိဋကသုံးပုံမြန်မာပြန် စာမေးပွဲ
## မဇ္ဈိမပဏ္ဏာသ.မြန်မာပြန် မေးခွန်းနှင့်.အဖြေများ

၁။ ဝမ်းတွင်းကန်းသည် အရောင်ကို မမြင်သကဲ့သို့ ပရိဗိုဇ်တို့သည် အာရောဂျပရမာ လာဘာ-စသည်ကို နားမလည်ကြပုံပြစကားကို တိကျစွာ ဖော်ပြခဲ့ပါ။

ဖြေ။ ၁။ မာဂဏ္ဍိယ ဥပမာသော်ကား ဝမ်းတွင်းကန်းဖြစ်သော ယောကျ်ားသည် ရှိ၏၊ ထိုယောကျ်ား သည်မည်းသောအဆင်း ဖြူသောအဆင်းတို့ကို မမြင်ရာ၊ ညိုသောအဆင်းတို့ကို မမြင်ရာ၊ ရွှေသောအဆင်းတို့ကို မမြင်ရာ၊ နီသော အဆင်းတို့ကို မမြင်ရာ၊ မောင်းသောအဆင်းတို့ကို မမြင်ရာ၊ ညီညွတ်သည် မညီညွတ်သည်ကို မမြင်ရာ၊ ကြယ်နက္ခတ်တာရာတို့၏ အဆင်းကို မမြင်ရာ၊ လနေတို့ကိုမမြင်ရာ၊ ထိုဝမ်းတွင်းကန်းယောကျ်ားသည် "အချင်းတို့ အလွန်အဆင်းလှသော အညစ်အကြေးကင်းသောစင်ကြယ်သော အဝတ်ဖြူသည် ကောင်းမွန်လေစွ တကား"ဟု ပြောဆိုသော မျက်စိမြင်သောသူ၏ စကားကို ကြား လေရာ၏။ ထိုဝမ်းတွင်းကန်းသည် အဖြူရှာ လှည့်လည်လာရာ၏။ ထိုဝမ်းတွင်းကန်းကို တစ်ယောက်သော ယောကျ်ားသည် ဆီချေးလိမ်းကျံသော မည်းနက်သည့်သိုးမွေးတို့ဖြင့် ပြုထားသော ပုဆိုးကြမ်းဖြင့် "အချင်းယောကျ်ား ဤပုဆိုးကား သင့်အတွက်အလွန်အဆင်းလှ၍ အညစ်အကြေးကင်းသော စင်ကြယ် သည့် အဝတ်ဖြူတည်း"ဟု လှည့်ပတ်ရာ၏။ ထိုဝမ်းတွင်းကန်းသည် ထိုမည်းနက်သော အဝတ်ကို ယူရာ၏၊ ယူပြီး၍ ဝတ်ရုံရာ၏၊ ဝတ်ရုံပြီး၍ နှစ်သက်သောစိတ်ရှိလျက် "အချင်းတို့ အလွန်အဆင်းလှ၍ အညစ်အကြေးကင်းသော စင်ကြယ်သည့်အဝတ်ဖြူသည် ကောင်းမွန်လေစွတကား"ဟု နှစ်သက်သော စကားကို မြွက်ဆိုရာ၏။

မာဂဏ္ဍိယ ထိုငါဆိုမည့် စကားကို အဘယ်သို့အောက်မေ့သနည်း-အမှန်အားဖြင့် ဝမ်းတွင်းကန်း ဖြစ်သော ထိုယောကျ်ားသည် သိ၍ မြင်၍ ဤဆီချေးဖြင့် လိမ်းကျံသော မည်းနက်သည့် သိုးမွေးတို့ဖြင့် ပြုထားသော ပုဆိုးကြမ်းကို ယူရာသလော၊ ယူပြီး၍ ဝတ်ရုံရာသလော၊ ဝတ်ရုံ၍ နှစ်သက်သော စိတ်ရှိသည်ဖြစ်၍ "အချင်းတို့ အလွန်အဆင်းလှ၍ အညစ်အကြေးကင်းသော စင်ကြယ်သည့် အဝတ်ဖြူသည်ကောင်းမွန်လေစွတကား"ဟု နှစ်သက်သောစကားကို မြွက်ကြားရာသလော၊ သို့မဟုတ် မျက်စိအမြင်ရှိသော ယောကျ်ား၏ စကားကို ယုံကြည်၍ ဆိုရာသလောဟု (မေးတော်မူ၏)။

အသျှင်ဂေါတမ ထိုဝမ်းတွင်းကန်းယောကျ်ားသည် မသိဘဲ မမြင်ဘဲ ဆီချေးလိမ်းကျံသော ဤမည်းနက်သည့် သိုးမွေးတို့ဖြင့် ပြုထားသော ပုဆိုးကြမ်းကို ခံယူရာ၏၊ ခံယူပြီး၍ ဝတ်ရုံရာ၏၊ ဝတ်ရုံပြီးလျှင် နှစ်သက်သောစိတ်ရှိလျက် "အချင်းတို့ အလွန်အဆင်းလှသော အညစ်အကြေးကင်းသော စင်ကြယ်သည့် အဝတ်ဖြူသည် ကောင်းမွန်လေစွတကား"ဟု နှစ်သက်သော စကားကို မြွက်ကြားလေရာ၏၊ မျက်စိအမြင်ရှိသော ယောကျ်ား၏ ပြောစကားကို ယုံကြည်၍ မြွက်ကြားလေရာ၏ဟု (လျှောက်၏)။

မာဂဏ္ဍိယ ဤအတူသာလျှင် အယူတစ်ပါးရှိကုန်သော ပရိဗိုဇ်တို့သည် ကန်းကုန်၏၊ မျက်စိအမြင်မရှိကုန်၊ အနာကင်းသော အဖြစ်ကို မသိကုန်၊ နိဗ္ဗာန်ကို မမြင်ကုန်၊ ထိုသို့ မသိမမြင်ကြကုန်ဘဲလျက်သာလျှင် "လာဘ်ဟူသမျှတို့တွင် အနာကင်းခြင်းသည် အသာဆုံးဖြစ်၏၊ ချမ်းသာဟူသမျှတို့တွင် နိဗ္ဗာန်သည် အသာဆုံး ဖြစ်၏" ဟူ၍ ဤဂါထာကိုဆိုကုန်၏။

ဝမ်းတွင်းကန်းသည် အရောင်ကို မမြင်သကဲ့သို့ ပရိဗိုဇ်တို့သည် အာရောဂျပရမာ လာဘာ-စသည်ကို နားမလည်ကြကြောင်း (စာပိုဒ်၊၂၁၇။)(မ၊မြန်၊၂။၁၈၇။)(မ၊၂။၁၇၆။),

၂။ ဖြဟ္မာယုသုတ်လာ ဗုဒ္ဓ-ဟု ခေါ်ဆိုပုံပြ စကားရပ်ကို တိကျစွာ ဖော်ပြခဲ့ပါ။

ဖြေ။၂။ အချင်းခပ်သိမ်း ရာဂတို့မှ လွတ်သောကြောင့် အထူးသဖြင့် စင်ကြယ်သောစိတ်ကို သိ၏၊ ပဋိသန္ဓေနေခြင်း သေခြင်းကို ပယ်ပြီး ဖြစ်၏၊ မြတ်သော အကျင့် အားလုံးနှင့် ပြည့်စုံ၏၊ အလုံးစုံသောတရားတို့၏ ကမ်းတစ်ဖက်သို့ ရောက်၏၊ ထိုကဲ့သို့သောသူကို ဗုဒ္ဓဟူ၍ ဆိုရ၏။
(စာပိုဒ်၊၃၉၉။)(မ၊မြန်၊၂။၃၅၆။)(မ၊၂။၃၅၂။),

၃။ "ငါ့ထံသို့ ချဉ်းကပ်၍ မေးသူတို့အား ဤသို့မေးသော် ဤသို့ဖြေကြားအံ့"ဟုမြတ်စွာဘုရားအား ရှေးဦးမဆွကပင်လျှင် စိတ်ကူးကြံစည်ထားခြင်း ရှိသလော၊ သို့မဟုတ် တစ်ခဏချင်းဖြင့်ပင် ထိုပြဿနာ၏ အဖြေသည် မြတ်စွာဘုရား၏ ဉာဏ်ထဲမှာ ထင်မြင်၍ လာသလော၊ ရှင်းလင်းပြခဲ့ပါ။

ဖြေ။ ၃။ မင်းသား ထိုသို့ဖြစ်လျှင် ဤအရာ၌ သင်မင်းသားကိုသာလျှင်ပြန်မေးအံ့၊ သင်မင်းသား နှစ်သက်သည့်အတိုင်း ဖြေကြားလော့။
မင်းသား ထိုစကားကို သင် အဘယ်သို့ မှတ်ထင်သနည်း၊ သင်သည် ရထား၏ အစိတ်အပိုင်းအင်္ဂါကြီးငယ်တို့၌ ကျွမ်းကျင်၏လောဟု (မေးတော်မူ၏)။ အသျှင်ဘုရား မှန်ပါ၏၊ အကျွန်ုပ်သည်ရထား ၏ အစိတ်အပိုင်း အင်္ဂါကြီးငယ်တို့၌ ကျွမ်းကျင်ပါ၏ဟု (လျှောက်၏)။
မင်းသား ထိုစကားကို သင် အဘယ်သို့ မှတ်ထင်သနည်း၊ အကြင်သူတို့သည် အသင်မင်းသားသို့ချဉ်းကပ်ကြကုန်၍ "ရထား၏ အင်္ဂါကြီးငယ် အစိတ်အပိုင်းသည် အဘယ်အမည်ရှိပါသနည်း"ဟု ဤသို့မေးမြန်း ကြကုန်ရာ၏၊ အကြင်သူတို့သည် ငါ့ထံသို့ ချဉ်းကပ်၍ ဤသို့ မေးကုန်လတ္တံ့၊ ငါသည်ထိုသူတို့အား ဤသို့မေးသော် ဤသို့ဖြေအံ့ဟု သင့်မှာ ရှေးဦးမဆွကပင်လျှင် စိတ်ကူးကြံစည်ထားခြင်းရှိပါသလော၊ သို့မဟုတ် တစ်ခဏ ချင်းဖြင့်ပင် ထိုပြဿနာ၏ အဖြေသည် သင်၏ ဉာဏ်ထဲမှာ ထင်မြင်၍လာရာသလောဟု (မေးတော်မူ၏)။
အသျှင်ဘုရား တပည့်တော်သည် ရထားအတတ် တတ်ပါ၏၊ နားလည်ပါ၏၊ ရထား၏ အင်္ဂါကြီးငယ် အစိတ်အပိုင်းတို့၌ ကျွမ်းကျင်ပါ၏၊ တပည့်တော်သည် ရထား၏ အလုံးစုံသော အင်္ဂါကြီးငယ် အစိတ်အပိုင်းတို့ကို ကောင်းစွာ သိထားပါ၏၊ တစ်ခဏချင်းဖြင့်ပင် ထိုပြဿနာ၏ အဖြေသည် အကျွန်ုပ်၏ဉာဏ်ထဲမှာ ထင်မြင်၍ လာရာပါ၏ဟု (လျှောက်၏)။ မင်းသား ဤအတူပင် ပညာရှိမင်းတို့သည်လည်းကောင်း၊ ပညာရှိပုဏ္ဏားတို့သည် လည်းကောင်း၊ ပညာရှိသူကြွယ်တို့သည်လည်းကောင်း၊ ပညာရှိရဟန်းတို့သည်လည်းကောင်း ပြဿနာစီစဉ်ကုန်၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကြကာ မေးမြန်းကြကုန်၏။ တစ်ခဏချင်းဖြင့်ပင် ထိုပြဿနာ၏ အဖြေသည် မြတ်စွာဘုရား၏ ဉာဏ်ထဲမှာ ထင်မြင်၍ လာ၏။ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ မင်းသား မြတ်စွာဘုရားသည် ဓမ္မဓာတ် (သဗ္ဗညုတဉာဏ်) ကိုထိုးထွင်း၍ သိထား၏၊ ယင်းဓမ္မဓာတ် (သဗ္ဗညုတဉာဏ်) ကို ထိုးထွင်း၍ သိထားသောကြောင့် တစ်ခဏချင်းဖြင့်ပင် ထိုပြဿနာ၏ အဖြေသည် မြတ်စွာဘုရား၏ ဉာဏ်ထဲမှာ ထင်မြင်၍ လာ၏ဟု (မိန့်တော်မူ၏)။(စာပိုဒ်၊၈၇။)(မ၊မြန်၊၂။၆၃။)(မ၊၂။၅၈။),

၄။ ဆရာအား ယုံကြည်ခြင်းရှိသော တပည့်များ ရရှိနိုင်သည့် အကျိုးများကို ကီဋာဂိရိသုတ်၌ ဟောတော်မူသည့်အတိုင်း ဖော်ပြခဲ့ပါ။

ဖြေ ၄။ ရဟန်းတို့ ယုံကြည်ခြင်းရှိသောဆရာ့အဆုံးအမ၌ သက်ဝင်၍ ကျင့်သောတပည့်အား "မျက်မှောက်ဘဝ၌ပင် အရဟတ္တဖိုလ်လည်းကောင်း၊ ဥပါဒါန်ကြွင်းရှိသေးမူ အနာဂါမ်ပုဂ္ဂိုလ်အဖြစ်လည်းကောင်း" ဤသို့ နှစ်ပါးသော အကျိုးတို့တွင် တစ်ပါးပါးသော အကျိုးသည် ဧကန်ဖြစ်ရမည်ဟု မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏။(စာပိုဒ်၊၁၈၄။)(မ၊မြန်၊၂။၁၅၆။)
(မ၊၂။၁၄၆။),

၅။ ဘုရားရှင်ကို ပသေနဒီကောသလမင်းကြီးက အလေးအနက် အရိုအသေပြုခြင်း၏ အကြောင်းများအနက် ပထမဦးဆုံးအကြောင်းကိုသာ တိကျစွာ ဖော်ပြခဲ့ပါ။

၅။ အသျှင်ဘုရား မြတ်စွာဘုရား၌ "မြတ်စွာဘုရားသည် မဖောက်မပြန် ကိုယ်တိုင် သိတော်မူ၏၊ မြတ်စွာဘုရားသည် တရားတော်ကို ကောင်းစွာ ဟောကြားတော်မူပါပေ၏၊ မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် ကောင်းမြတ်သော အကျင့်ရှိ၏"ဟု ဤသို့ အကျွန်ုပ်အား တရားတော်သို့ အစဉ်လိုက်သော ဉာဏ်သည် ဖြစ်ပါ၏။ မြတ်စွာဘုရား အကျွန်ုပ်သည် ဤလောက၌ ဆယ်နှစ် အနှစ်နှစ်ဆယ်အနှစ်သုံးဆယ် အနှစ်လေးဆယ်တို့ပတ်လုံး အပိုင်းအခြားပြု၍ မြတ်သောအကျင့်ကို ကျင့်ကုန်သောသမဏဗြာဟ္မဏအချို့တို့ကို တွေ့မြင်ရပါ၏။ ထိုသမဏ ဗြာဟ္မဏတို့သည် နောက်အခါ၌ ကောင်းစွာရေချိုးလိမ်းကျံ ဆံမုတ်ဆိတ်တို့ ရှိကုန်သည်ဖြစ်၍ ကာမဂုဏ်ငါးပါးတို့ဖြင့် ရောင့်ရဲပြည့်စုံ ခံစားကြကုန်၏။ အသျှင်ဘုရား ဤသာသနာတော်၌ အကျွန်ုပ်သည် အသက်ရှည်သမျှ အသက်ဆုံးသည့်တိုင်အောင် စင်ကြယ်သောအကျင့်ကို ကျင့်ကုန်သော ရဟန်းတို့ကို တွေ့မြင်ရပါ၏။ အသျှင်ဘုရားအကျွန်ုပ်သည် ဤသာသနာတော်မှ အပ၌ တစ်ပါးသော ဤသို့ ပြည့်စုံစင်ကြယ်သော မြတ်သောအကျင့်ကိုမမြင်မိပါ။ အသျှင်ဘုရား မြတ်စွာဘုရား၌ "မြတ်စွာဘုရားသည် မဖောက်မပြန် ကိုယ်တိုင် သိတော်မူ၏၊ မြတ်စွာဘုရားသည် တရားတော်ကို ကောင်းစွာ ဟောကြားတော်မူပါပေ၏၊ မြတ်စွာဘုရား၏ တပည့်သားသံဃာတော်သည် ကောင်းမြတ်သော အကျင့်ရှိ၏"ဟု ဤသို့ အကျွန်ုပ်အား တရားတော်သို့ အစဉ်လိုက်သော ဉာဏ်သည် ဖြစ်ပါ၏။-ဟု ပသေနဒီကောသလမင်းက မြတ်စွာဘုရားအား လျှောက်ထားပါသည်။

ဤသို့ ပသေနဒီကောသလမင်းမှာ တရားတော်သို့ အစဉ်လိုက်သော ဉာဏ် ဖြစ်သောကြောင့် ပသေနဒီကောသလမင်းသည် မြတ်စွာဘုရားအား အလေးအနက် အရိုအသေပြုပါသည်။(စာပိုဒ်၊၃၆၇-၃၇၄။)(မ၊မြန်၊၂။၃၂၆။)(မ၊၂။၃၂၂။),

၆။ သေလပုဏ္ဏားအား ဟောတော်မူသော ဘုရားရှင်၏ ဗုဒ္ဓမည်တော်မူပုံပြ စကားရပ်ကို တိကျစွာ ဖော်ပြခဲ့ပါ။

ဖြေ။ ၆။ ပုဏ္ဏား ငါသည် ထိုးထွင်း၍ သိသင့်သည်ကို ထိုးထွင်း၍ သိခဲ့ပြီ၊ ပွါးများအား ထုတ်သင့်သည်ကိုလည်း ပွါးများ အားထုတ်ပြီးပြီ၊ ပယ်သင့်သည်ကိုလည်း ပယ်ပြီးပြီ၊ ထို့ကြောင့် ငါသည် ဗုဒ္ဓ(ဘုရား) ဖြစ်ခဲ့ပြီ (စာပိုဒ်၊၃၉၉။)(မ၊မြန်၊၂။၃၅၆။)(မ၊၂။၃၅၂။),

၇။ ယောဓာဇီဝမုခသုတ်လာ ပုဂ္ဂိုလ်လေးမျိုးကို အကျဉ်းမျှ ဖော်ပြခဲ့ပါ။

ဖြေ။ ၇။ ပုဏ္ဏား လောက၌ ဤ ပုဂ္ဂိုလ်လေးမျိုးတို့သည် ထင်ရှားရှိကုန်၏၊ အဘယ်လေးမျိုးတို့နည်း ဟူမူ-

(၁) ပုဏ္ဏား ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် မိမိကိုယ်ကို ပူပန်ဆင်းရဲစေတတ်၏၊ မိမိကိုယ်ကိုပူပန်ဆင်းရဲစေမှု၌ အဖန်တလဲလဲ ပြုကျင့်အားထုတ်၏။

(၂) ပုဏ္ဏား ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် သူတစ်ပါးကို ပူပန်ဆင်းရဲစေတတ်၏၊ သူတစ်ပါးကိုပူပန်ဆင်းရဲစေမှု၌ အဖန်တလဲလဲ ပြုကျင့်အားထုတ်၏။

(၃) ပုဏ္ဏား ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် မိမိကိုယ်ကိုလည်း ပူပန်ဆင်းရဲစေတတ်၏၊ မိမိကိုယ်ကို ပူပန်ဆင်းရဲစေမှု၌လည်း အဖန်တလဲလဲ ပြုကျင့်အားထုတ်၏၊ သူတစ်ပါးကိုလည်း ပူပန်ဆင်းရဲစေတတ်၏၊ သူတစ်ပါးကို ပူပန်ဆင်းရဲစေမှု၌လည်း အဖန်တလဲလဲ ပြုကျင့်အားထုတ်၏။

(၄) ပုဏ္ဏား ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် မိမိကိုယ်ကို ပူပန်ဆင်းရဲစေတတ်သူလည်း မဟုတ်၊ မိမိကိုယ်ကို ပူပန်ဆင်းရဲစေမှု၌ အဖန်တလဲလဲ ပြုကျင့်အားထုတ်သူလည်းမဟုတ်၊ သူတစ်ပါးကိုပူပန်ဆင်းရဲစေတတ်သူလည်းမဟုတ်၊ သူတစ်ပါးကို ပူပန်ဆင်းရဲစေမှု၌ အဖန်တလဲလဲ ပြုကျင့်အားထုတ်သူလည်း မဟုတ်၊ ထိုသူသည် မိမိကိုယ်ကိုလည်း မပူပန် မဆင်းရဲစေတတ်၊ သူတစ်ပါးကိုလည်း မပူပန်မဆင်းရဲစေတတ်သည်ဖြစ်၍ မျက်မှောက်သော ကိုယ်၏ အဖြစ်၌သာလျှင် ကိလေသာ ဆာလောင်မွတ်သိပ်မှုမရှိသည် ငြိမ်းချမ်းသည် အေးမြသည် ချမ်းသာသုခကို ခံစားရသည် ဖြစ်၍ မြတ်သောကိုယ်ဖြင့် နေထိုင်ရ၏။ (စာပိုဒ်၊၄၁၃။)(မ၊မြန်၊၂။၃၆၉။)(မ၊၂။၃၆၅။),

၈။ ဆန္ဒအား များစွာ ကျေးဇူးပြုတတ်သော တရားကို စင်္ကီသုတ်၌ ဟောတော်မူသည့်အတိုင်း အကြောင်းနှင့် တကွ ဖော်ပြခဲ့ပါ။

ဖြေ။ ၈။ဘာရဒွါဇ ပြုလိုမှု 'ဆန္ဒ'အား တရားတို့ကို စူးစိုက်ကြည့်ရှု၍ကျေနပ်ခြင်းသည် များစွာ ကျေးဇူးပြုတတ်၏၊ ထိုတရားတို့ကို အကယ်၍ စူးစိုက်ကြည့်ရှု၍ ကျေနပ်ခြင်းမဖြစ်ငြားအံ့၊ ပြုလိုမှု 'ဆန္ဒ' သည် မဖြစ်လေရာ၊ တရားတို့ကို စူးစိုက်ကြည့်ရှု၍ ကျေနပ်သောကြောင့်သာပြုလိုမှု 'ဆန္ဒ'သည် ဖြစ်၏၊ ထို့ကြောင့် ပြုလိုမှု'ဆန္ဒ' အား တရားတို့ကို စူးစိုက်ကြည့်ရှု၍ ကျေနပ်ခြင်းသည် များစွာ ကျေးဇူးပြုတတ်၏ဟု (မိန့်တော်မူ၏)။ (စာပိုဒ်၊၄၃၄၊) (မ၊မြန်၊၂။၃၉၀။) (မ၊၂။၃၈၆။),

၊ အောက်ပါတရားတို့ကို ဟောတော်မူရာ သုတ်တို့ကို အတိအကျ ဖော်ပြခဲ့ပါ။

ဖြ ။၉။ (က)စရဏ ဆယ့်ငါးပါး၊(ခ) အသျှင်သာရိပုတြာ၊ အသျှင်မောဂ္ဂလာန် အမှုးရှိကုန်သော ငါးရာသော
ဟန်းတို့ ဆူညံ၍ ဘုရားရှင်က နှင်ထုတ်တော်မူကြောင်း။
(က)သေခသုတ်၊(စာပိုဒ်၂၄-၂၆။)(မ၊မြန်၊၂။၂၀။)(မ၊၂။၁၇။),
ာတုမသုတ်။(စာပိုဒ်၊၁၅၇။)(မ၊မြန်၊၂။၁၂၉။)(မ၊၂။၁၁၉။),

၀။ အောက်ပါတရားတို့ကို ဟောတော်မူရာ သုတ်တို့ကိုလည်း အတိအကျ ဖော်ပြခဲ့ပါ။
(က)ဂင်္ဂါမြစ်သည် သမုဒ္ဒရာသို့ ညွတ်၍ တည်သကဲ့သို့ ဘုရားရှင်၏ ပရိသတ်သည် နိဗ္ဗာန်သို့ ညွတ်ကြောင်း၊
(ခ) အရှင်သာရိပုတြာမထေရ် ရဟန္တာ ဖြစ်ကြောင်း။
(က) မဟာဝစ္ဆသုတ်။ (စာပိုဒ်၊၁၉၇။)(မ၊မြန်၊၂။၁၇၁။)(မ၊၂။၁၆၁။),
(ခ) ဒီဃနခသုတ်။ (စာပိုဒ်၊၂၀၆။)(မ၊မြန်၊၂။၁၇၈။)(မ၊၂။၁၆၈။),

ရန်ကုန်မြို့

ဒေါက်တာခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းက ကြီးမှူးကျင်းပသော

ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

**အုပ်စု (၃) မဇ္ဈိမနိကာယ**

**မဇ္ဈိမပဏ္ဏာသပါဠိတော် မြန်မာပြန် မေးခွန်း**

၁၃၈၄-ခုနှစ်၊ နယုန်လပြည့်ကျော် ၈-ရက်၊ (၂၁-၆-၂၀၂၂) အင်္ဂါနေ့

ခွင့်ပြုချိန်။ ။၄-နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

---

၁။ အရှင်အာနန္ဒာ ဟောကြားသော နိဗ္ဗာန်ရောက်ကြောင်း ဧကဓမ္မတရားတို့တွင် နောက်ဆုံး ၂-နည်းကိုသာ ထုတ်ပြ၍၊ ယင်းဧကဓမ္မတရား နာကြားရသော အဋ္ဌကမြို့သား ဒသမသူကြွယ်၏ ဓမ္မပူဇာများ လှူဒါန်းမှု အစီအစဉ်ကိုလည်း ဆက်လက် ဖြေဆိုခဲ့ပါ။

၂။ ဘုရားရှင်ကိုယ်တော်တိုင် သဗ္ဗညုတဉာဏ်တော်ထူးဖြင့် မျက်မှောက်ပြုပြီး ဟောကြားသိစေတော်မူအပ်သော ကံ ၄-မျိုးကို ကုက္ကုရဝတိကသုတ်လာအတိုင်း အစဉ်တကျ တင်ပြ၍၊ 'အဖ္ဗုတ္တိကအာပေါဓာတ်'ဟု ခေါ်ဆိုအပ်သောအရာတို့ကိုလည်း မည်သို့ ရှုမှတ်သင့်ကြောင်း ရှုမှတ်နည်းနှင့်တကွ ဖြေဆိုခဲ့ပါ။

၃။ နှင်ထုတ်ခံရသော သံဃာတို့ကို ပြန်လည်လက်ခံဖို့ရန်အတွက် ဘုရားရှင်အား စာတုမရွာသား သာကီဝင်မင်းတို့၏ အသနားခံ အထူးတောင်းပန်ပုံကို ဥပမာများနှင့်တကွ ရေးသားခဲ့ပါ။

၄။ နေလွဲညစာစားသုံးမှုမှ ရှောင်ကြဉ်ခြင်းကြောင့် ရရှိအပ်သော အကျိုးတရား ၅-ပါးကို အစဉ်တကျ ထုတ်ပြ၍၊ လောက၌ 'အပ္ပမာဒေန ကရဏီယံ' ဩဝါဒစကားဖြင့် ဆုံးမဖွယ်မလိုတော့သောပုဂ္ဂိုလ်တို့ကိုလည်း အကြောင်းပြလျက် ဖြေဆိုခဲ့ပါ။

၅။ ဝေဒနာတို့ကို ဗုဒ္ဓနည်းကျ ရှုမှတ်ပွားများနည်းနှင့် ရှုမှတ်ပွားများရခြင်းအကျိုးတို့ကို ဒီဃနခသုတ်လာအတိုင်း ဖြေဆိုခဲ့ပါ။

၆။ ပုရဏကဿပသည် ဂဏာစရိယတစ်ပါး ဖြစ်သော်ငြားလည်း တပည့်များစွာတို့၏ ရိုသေလေးစားမှု မခံရကြောင်းကို ပြဆိုသော သက်သေသာဓက ၂-ချက်ကို ပြည့်စုံစွာ ရေးခဲ့ပါ။

၇။ ဝေခနသသုတ်လာ (က) သာသနာပ အယူဝါဒရှိသူများ သိနိုင်ခဲသော တရား ၃-မျိုး၊ (ခ) ယင်းတရား ၃-မျိုးကို သိနိုင်သောပုဂ္ဂိုလ်တို့ကို ဖော်ပြ၍၊ အရှင်အာနန္ဒာအား ဘုရားရှင်ကိုယ်တော်မြတ်ကြီး မိန့်ကြားသော 'အန္တိမပုရိသပုဂ္ဂိုလ်'အမျိုးအစားကိုလည်း အများနားလည်အောင် ရှင်းပြခဲ့ပါ။

၈။ မြတ်စွာဘုရားအပေါ် ပသေနဒိကောသလမင်းကြီး၏ လွန်လွန်ကဲကဲ ရိုသေလေးစားမှု ပြုရခြင်းအကြောင်းတို့တွင် နောက်ဆုံး အကြောင်းတစ်ခုကိုသာ ရေးခဲ့ပါ။

၉။ အောက်ပါတို့၏ ဟောရာသုတ်ကို အတိအကျ ဖော်ပြခဲ့ပါ။

(က) ကိုယ်ဆင်းရဲ စိတ်ဆင်းရဲခြင်းတို့သည် ချစ်ခြင်းလျှင် အစအမွန် ရှိကြောင်း၊

(ခ) မုခ ၇-ဖြာ၊ အနုမောဒနာတရား၊

(ဂ) အမျိုးမြတ်သော်လည်း ကိုယ်ကျင့်သီလမှ မကောင်းလျှင် 'သူမြတ်'ဟု မခေါ်နိုင်ကြောင်း။

၁၀။ သုဘလုလင်သည် ပုဏ္ဏားတို့၏ အယူအဆနှင့်ပတ်သက်ပြီး ဘုရားရှင်အား မည်သို့လျှင် လျှောက်ထားပါသနည်း? (ပထမနည်းအလိုသာ)ဖြေဆို၍၊ ဘုရားရှင်သည် မည်သို့လျှင် ပြန်လည် ဖြေရှင်းပေးသည်ကိုလည်း ဖြေဆိုခဲ့ပါ။

**တစ်ပုဒ်စာလျှင် (၁၀)မှတ်စီ**

## ၁၃၈၄ ခု၊ ၂၀၂၂ ခုနှစ်
## အုပ်စု (၃) မဇ္ဈိမပဏ္ဏာသပါဠိတော် မြန်မာပြန်
## မေးခွန်း နှင့် အဖြေများ

----------

၁။ အရှင်အာနန္ဒာ ဟောကြားသော နိဗ္ဗာန်ရောက်ကြောင်း ဧကဓမ္မတရားတို့တွင် နောက်ဆုံး ၂-နည်းကိုသာ ထုတ်ပြ၍၊ ယင်းဧကဓမ္မတရား နာကြားရသော အဋ္ဌကမြို့သား သမသူကြွယ်၏ ဓမ္မပူဇာများ လှူဒါန်းမှု အစီအစဉ်ကိုလည်း ဆက်လက် ဖြေဆိုခဲ့ပါ။

၁-အဖြေ

**အရှင်အာနန္ဒာ ဟောကြားသော နိဗ္ဗာန်ရောက်ကြောင်း ဧကဓမ္မတရားတို့တွင် နောက်ဆုံး ၂-နည်း**

ရဟန်းသည် အာကာသာနဉ္စာယတနစျာန်ကို လုံးဝလွန်မြောက်၍ 'ဝိညာဏ်သည် အဆုံးမရှိ'ဟု နှလုံး သွင်းလျက် ဝိညာဏဉ္စာယတနသမာပတ်သို့ ရောက်၍နေ၏၊ ထိုရဟန်းသည် ဤသို့ ဆင်ခြင်၏- ' ဤဝိညာဏဉ္စာယတနသမာပတ် သည်လည်း အပြုပြင်ခံတရား ဖြစ်၏၊ စေ့ဆော်အားထုတ်မှုကြောင့် ဖြစ်ပေါ်လာ၏၊ ယင်း အပြုပြင်ခံတရား, စေ့ဆော်အားထုတ်မှု ကြောင့် ဖြစ်ပေါ်လာသော တရားအားလုံးသည် အမြဲ မရှိ၊ ချုပ်ပျောက်ခြင်းသဘော ရှိ၏'ဟု ကွဲကွဲပြားပြား သိခြင်း။

ရဟန်းသည် ဝိညာဏဉ္စာယတနစျာန်ကို လုံးဝလွန်မြောက်၍ 'တစ်စုံတစ်ခုမျှ မရှိ'ဟု နှလုံးသွင်းလျက် အာကိဉ္စညာယတန သမာပတ်သို့ ရောက်၍နေ၏၊ ထိုရဟန်းသည် ဤသို့ ဆင်ခြင်၏- 'ဤ အာကိဉ္စညာယတနသမာပတ်သည်လည်း အပြုပြင်ခံတရား ဖြစ်၏၊ စေ့ဆော်အားထုတ်မှုကြောင့် ဖြစ်ပေါ်၏၊ ယင်းအပြုပြင်ခံတရား, စေ့ဆော်အားထုတ်မှုကြောင့် ဖြစ်ပေါ်လာသော တရားအားလုံးသည် အမြဲ မရှိ၊ ချုပ်ပျောက်ခြင်းသဘော ရှိ၏'ဟု ကွဲကွဲပြားပြား သိခြင်း။ (စာပိုဒ် ၂၀၊ မ၊ မြန်၊ ၂၊ ၁၇။ မ၊ ၂၊ ပါ ၁၅)

**ယင်းဧကဓမ္မတရား နာကြားရသော အဋ္ဌကမြို့သား ဒသမသူကြွယ်၏ ဓမ္မပူဇာများ လှူဒါန်းမှုအစီအစဉ်–**

အဋ္ဌကမြို့သား ဒသမသူကြွယ်သည် ပါဋလိပုတ်ပြည်နှင့် ဝေသာလီပြည်နေ ရဟန်းသံဃာကို စည်းဝေးစေ၍ မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ဖြင့် ရောင့်ရဲသည့်တိုင်အောင် တားမြစ်သည့်တိုင်အောင် မိမိကိုယ်တိုင် လုပ်ကျွေး၏၊ ရဟန်းတစ်ပါးပါးကိုလည်း တစ်စုံစီ တစ်စုံစီသော သင်္ကန်းဖြင့် ဖုံးလွှမ်း(လှူဒါန်း)၏၊ အသျှင်အာနန္ဒာကို သုံးထည်သော သင်္ကန်းဖြင့် ဖုံးလွှမ်း(လှူဒါန်း)၏၊ အသျှင်အာနန္ဒာအတွက် ငါးရာတန်ကျောင်းကို ဆောက် လုပ်စေ၏၊ ဤသို့ ဓမ္မပူဇာများ လှူဒါန်းပါသည်။ (စာပိုဒ် ၂၁၊ မ၊ မြန်၊ ၂၊ ၁၈။ မ၊ ၂၊ ပါ ၁၆)

----------

၂။ ဘုရားရှင်ကိုယ်တော်တိုင် သဗ္ဗညုတဉာဏ်တော်ထူးဖြင့် မျက်မှောက်ပြုပြီး၍ ဟောကြားသိစေတော်မူအပ်သော ကံ ၄-မျိုးကို ကုက္ကုရဝတိကသုတ်လာအတိုင်း အစဉ်တကျ တင်ပြ၍၊ 'အဇ္ဈတ္တိကအာပေါဓာတ်'ဟု ခေါ်ဆိုအပ်သောအရာတို့ကိုလည်း မည်သို့ ရှုမှတ်သင့်ကြောင်း ရှုမှတ်နည်းနှင့်တကွ ဖြေဆိုခဲ့ပါ။

၂-အဖြေ

၁။ မည်းညစ်၍ မည်းညစ်သော အကျိုးရှိသော ကံ၊

၂။ ဖြူစင်၍ ဖြူစင်သော အကျိုးရှိသော ကံ၊

၃။ အမည်း, အဖြူရောသည်ဖြစ်၍အမည်းအဖြူရောသော အကျိုးရှိသော ကံ၊

၄။ အမည်းအညစ်လည်းမဟုတ် အဖြူလည်း မဟုတ်သည်ဖြစ်၍ အမည်းအညစ်လည်း မဟုတ် အဖြူလည်း မဟုတ်သော အကျိုးရှိသော ကံကုန်ခြင်းကို ဖြစ်စေတတ်သော ကံ။

(စာပိုဒ် ၈၁၊ မ၊ မြန်၊ ၂၊ ၅၇။ မ၊ ၂၊ ပါ ၅၂)

'အဇ္ဈတ္တိကအာပေါဓာတ်' ဟု ခေါ်ဆိုအပ်သောအရာတို့ကိုလည်း ရှုမှတ်ပွားများနည်းနှင့်တကွ-

အဇ္ဈတ္တသန္တာန်၌ဖြစ်သော ကိုယ်ကိုစွဲ၍ဖြစ်သော ယိုစီးသော ယိုစီးခြင်းသို့ရောက်သော သည်းခြေ, သလိပ်, ပြည်, သွေး, ချွေး, အဆီခဲ, မျက်ရည်, ဆီကြည်, တံတွေး, နှပ်, အစေး, ကျင်ငယ်-ဟုဆိုအပ်သော ဥပါဒိန္နဓာတ်သဘောနှင့် ထို့အပြင် အဇ္ဈတ္တသန္တာန်၌ဖြစ်သော ကိုယ်ကို စွဲ၍ဖြစ်သော ယိုစီးသော ယိုစီးခြင်းသို့ရောက်သော အခြားအလုံးစုံသော ဥပါဒိန္န ဓာတ်သဘောကို 'ထိုအလုံးစုံသော အာပေါဓာတ်သည် ငါ့ပိုင်ဥစ္စာ မဟုတ်၊ ထိုအာပေါဓာတ်သည် ငါ မဟုတ်၊ ထိုအာပေါ ဓာတ်သည် ငါ၏ကိုယ်အတ္တ မဟုတ်ဟူ၍ မဖောက်မပြန် ဟုတ်မှန်သောအတိုင်း ကောင်းစွာ ဝိပဿနာဉာဏ်ဖြင့် ရှုမှတ် ရပါသည်။

(စာပိုဒ် ၁၁၅၊ မ၊ မြန်၊ ၂၊ ၉၂။ မ၊ ၂၊ ပါ ၈၅)

---

၃။ နှင်ထုတ်ခံရသော သံဃာတို့ကို ပြန်လည်လက်ခံဖို့ရန်အတွက် ဘုရားရှင်အား စာတုမရွာသား သာကီဝင်မင်းတို့၏ အသနားခံ အထူးတောင်းပန်ပုံကို ဥပမာများနှင့်တကွ ရေးသားခဲ့ပါ။

၃-အဖြေ

"အသျှင်ဘုရား မြတ်စွာဘုရားသည် ရဟန်းသံဃာအပေါင်းကို ကျေနပ်တော်မူပါလော့၊ အသျှင်ဘုရား မြတ်စွာဘုရားသည် ရဟန်းသံဃာအပေါင်းကို ဆုံးမတော်မူပါလော့၊ အသျှင်ဘုရား မြတ်စွာဘုရားသည် ရှေးအခါက ရဟန်းသံဃာအပေါင်းကို ချီးမြှောက်တော်မူသကဲ့သို့ ဤအတူ မြတ်စွာဘုရားသည် ယခုအခါ၌လည်း ရဟန်းသံဃာအပေါင်းကို ချီးမြှောက်တော်မူပါလော့၊ အသျှင်ဘုရား ဤရဟန်းသံဃာအပေါင်း၌ ရဟန်းပြု၍ မကြာသေးကုန်သော ယခုမှ ဤသာသနာတော်သို့ ရောက်လာကြကုန်သော အသစ်ဖြစ်သော ရဟန်းတို့သည် ရှိပါကုန်၏၊ ထိုအသစ်ဖြစ်သော ရဟန်းတို့သည် မြတ်စွာဘုရားကို မဖူးမြင်ကြရကုန်သည်ရှိသော် စိတ်ပြောင်းလွဲခြင်း စိတ်ဖောက်ပြန်ခြင်း ဖြစ်ရာပါ၏။

<u>အသျှင်ဘုရား ဥပမာသော်ကား-</u> နုနယ်သော မျိုးသစ်ပင်တို့သည် ရေကို မရကုန်သည်ရှိသော် ပြောင်းလွဲခြင်း ဖောက်ပြန်ခြင်း ဖြစ်ရာသကဲ့သို့၊

<u>ဥပမာတစ်နည်းသော်ကား-</u> နုနယ်သော နို့စို့နွားငယ်သည် အမိကို မမြင်ရသည်ရှိသော် စိတ်ပြောင်းလွဲခြင်း စိတ်ဖောက်ပြန်ခြင်း ဖြစ်ရာသကဲ့သို့၊ အသျှင်ဘုရား ဤအတူသာလျှင် ဤရဟန်းသံဃာအပေါင်း၌ ရဟန်းပြု၍ မကြာသေးကုန်သော ယခုမှ ဤသာသနာတော်သို့ ရောက်လာကြကုန်သော အသစ်ဖြစ်သော ရဟန်းတို့သည် ရှိပါကုန်၏၊ ထိုအသစ်ဖြစ်သော ရဟန်းတို့သည် မြတ်စွာဘုရားကို မဖူးမြင်ကြရကုန်သည်ရှိသော် စိတ်ပြောင်းလွဲခြင်း စိတ်ဖောက်ပြန်ခြင်း ဖြစ်ရာပါ၏။ (စာပိုဒ် ၁၅၈၊ မ၊ မြန်၂၊ ၁၃၀/၁။ မ၊ ၂၊ ပါ ၁၂၀/၁၂၁)

---

၄။ နေလွဲညစာ စားသုံးမှုမှ ရှောင်ကြဉ်ခြင်းကြောင့် ရရှိအပ်သောအကျိုးတရား ၅-ပါးကို အစဉ်တကျ ထုတ်ပြ၍၊ လောက၌ 'အပ္ပမာဒေန ကရဏီယံ' ဩဝါဒစကားဖြင့် ဆုံးမဖွယ် မလိုတော့သောပုဂ္ဂိုလ်တို့ကိုလည်း အကြောင်းပြလျက် ဖြေဆိုခဲ့ပါ။

၄-အဖြေ

၁။ အနာမရှိသည်အဖြစ်ကို ကောင်းစွာ သိရခြင်း၊
၂။ ဆင်းရဲမရှိသည်အဖြစ်ကို ကောင်းစွာ သိရခြင်း၊
၃။ လျင်စွာ ထနိုင်ခြင်းကို ကောင်းစွာ သိရခြင်း၊
၄။ အားရှိသည်အဖြစ်ကို ကောင်းစွာ သိရခြင်း၊
၅။ ချမ်းသာစွာ နေရခြင်းကို ကောင်းစွာ သိရခြင်း။ (စာပိုဒ် ၁၇၄၊မ၊ မြန်၊၂၊ ၁၄၇၊ မ၊ ၂၊ ပါ ၁၃၈)

**'အပ္ပမာဒေန ကရဏီယံ'ဩဝါဒစကားဖြင့် ဆုံးမဖွယ်မလိုတော့သောပုဂ္ဂိုလ်–**

အာသဝေါကုန်ပြီးကုန်သော မဂ်အကျင့်ကို ကျင့်သုံးပြီးကုန်သော ပြုဖွယ်ကိစ္စကို ပြုပြီးကုန်သော ခန္ဓာဝန်ကို ချထားပြီးကုန်သော မိမိအကျိုးစီးပွားကို ရပြီးရောက်ပြီးကုန်သော သံယောဇဉ်ကုန်ပြီးကုန်သော ကောင်းစွာသိသဖြင့် ကိလေသာမှ လွတ်ပြီးကုန်သော ရဟန္တာပုဂ္ဂိုလ်တို့သည် 'အပ္ပမာဒေန ကရဏီယံ'ဩဝါဒ စကားဖြင့် ဆုံးမဖွယ် မလိုတော့သော ပုဂ္ဂိုလ်တို့ ဖြစ်ကြပါသည်။

**အကြောင်းကား–**

ထိုရဟန္တာပုဂ္ဂိုလ်တို့သည် မမေ့မလျော့ခြင်းဖြင့် ပြုဖွယ်ကိစ္စကို ပြုပြီးကုန်ပြီ၊ မေ့လျော့ခြင်းငှာ မထိုက်ကုန်ပြီဖြစ်သောကြောင့် ဖြစ်ပါသည်။ (စာပိုဒ် ၁၈၁၊ မ၊ မြန်၊၂၊ ၁၅၂။ မ၊ ၂၊ ပါ ၁၄၂)

---

၅။ ဝေဒနာတို့ကို ဗုဒ္ဓနည်းကျ ရှုမှတ်ပွားများနည်းနှင့် ရှုမှတ်ပွားများရခြင်းအကျိုးတို့ကို ဒီဃနခသုတ်လာအတိုင်း ဖြေဆိုခဲ့ပါ။

၅-အဖြေ-

ချမ်းသာခံစားမှုကို ခံစားရသောအခါ၌ ဆင်းရဲခံစားမှုကို မခံစားရပေ၊ ဆင်းရဲလည်းမဟုတ် ချမ်းသာလည်းမဟုတ်သော ခံစားမှုကိုလည်း မခံစားရပေ၊ ထိုအခါ၌ ချမ်းသာခံစားမှုကိုသာ ခံစားရ၏။ ဆင်းရဲခံစားမှုကို ခံစားရသောအခါ၌ ချမ်းသာခံစားမှုကို မခံစားရပေ၊ ဆင်းရဲလည်းမဟုတ် ချမ်းသာလည်း မဟုတ်သော ခံစားမှုကိုလည်း မခံစားရပေ၊ ထိုအခါ၌ ဆင်းရဲခံစားမှုကိုသာ ခံစားရ၏။ ဆင်းရဲလည်းမဟုတ် ချမ်းသာလည်း မဟုတ်သော ခံစားမှုကို ခံစားရသောအခါ၌ ချမ်းသာခံစားမှုကို မခံစားရပေ၊ ဆင်းရဲခံစားမှုကိုလည်း မခံစားရပေ၊ ထိုအခါ၌ ချမ်းသာလည်းမဟုတ် ဆင်းရဲလည်းမဟုတ်သော ခံစားမှုကိုသာ ခံစားရ၏။ "ခံစားမှု မှန်သမျှသည် မမြဲပေ၊ ပြုပြင်အပ်၏၊ အကြောင်းကို စွဲ၍ဖြစ်၏၊ ကုန်ခန်းတတ်သော သဘောရှိ၏၊ ပျက်စီးတတ်သော သဘောရှိ၏၊ တပ်မက်ဖွယ်ရာကင်းသော သဘောရှိ၏၊ ချုပ်ပျောက်တတ်သောသဘော ရှိ၏"ဟု ဤသို့ ရှုမှတ်ပွားများရပါမည်။

ဤသို့ ရှုမှတ်ပွားများခြင်းကြောင့် အကြားအမြင်နှင့်ပြည့်စုံသော အရိယာတို့၏တပည့်သည် ချမ်းသာခံစားမှု၊ ဆင်းရဲခံစားမှု၊ ဆင်းရဲလည်းမဟုတ် ချမ်းသာလည်းမဟုတ်သော ခံစားမှုတို့၌ ငြီးငွေ့၏၊ ငြီးငွေ့သော် တပ်ခြင်းကင်း၏၊ တပ်ခြင်းကင်းခြင်းကြောင့် ကိလေသာမှ လွတ်၏၊ ကိလေသာမှ လွတ်ရာ၌ လွတ်ပြီဟု အသိဉာဏ်ဖြစ်၏၊ 'ပဋိသန္ဓေတည်နေမှု ကုန်ပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ အရဟတ္တမဂ်ဉာဏ်အကျိုးငှာ တစ်ဖန်ပြုဖွယ်ကိစ္စ မရှိတော့ပြီ'ဟု သိ၏၊ ဤသို့ ကိလေသာမှ လွတ်ပြီးသော ရဟန်းသည် တစ်စုံတစ်ယောက်နှင့်မျှ မပြောဆို၊ တစ်စုံတစ်ယောက်နှင့်မျှ မငြင်းခုံ၊ လောက၌ ပြောဆိုအပ်သော စကားဖြင့်သာ ခေါ်ဝေါ်ပြောဆို၏၊ မှားသောအားဖြင့်ကား မသုံးသပ်တော့ပြီ။ ဤသို့သော အကျိုးများ ရရှိပါသည်။
(စာပိုဒ် ၂၀၅၊ မ၊ မြန်၊၂၊ ၁၇၇/၈။ မ၊ ၂၊ ပါ ၁၆၈)

---

၆။ ပုရာဏကဿပသည် ဂဏာစရိယတစ်ပါး ဖြစ်သော်ငြားလည်း တပည့်များစွာတို့၏ ရိုသေလေးစား မှု မခံရကြောင်းကို ပြဆိုသော သက်သေသာဓက ၂-ချက်ကို ပြည့်စုံစွာ ရေးခဲ့ပါ။

၆-အဖြေ

(၁) ရှေးအခါက ဖြစ်ဖူးသည်ကား ပုရာဏကဿပသည် အရာမက များစွာသော ပရိသတ်၌ တရားဟော၏၊ ထိုပရိသတ်၌ ပုရာဏကဿပ၏တပည့်တစ်ယောက်သည် 'အသျှင်တို့ သင်တို့သည် ပုရာဏကဿပကို ဤအကြောင်းကို မမေးကြကုန်လင့်၊ ဤပုရာဏကဿပသည် ဤအကြောင်းကို မသိပါ၊ ငါတို့သည် ဤအ ကြောင်းကို သိကုန်၏၊ ငါတို့အား ဤအကြောင်းကို မေးကြကုန်လော့၊ ငါတို့သည် ဤအကြောင်းကို အသျှင် တို့အား ဖြေကြားကုန်အံ့'ဟု အသံပြုခြင်း။

(၂) ရှေးအခါက ဖြစ်ဖူးသည်ကား ပုရာဏကဿပသည် လက်မောင်းတို့ကို မြှောက်ချီလျက် 'အသျှင်တို့ တိတ်ဆိတ်စွာ နေကြကုန်လော့၊ အသျှင်တို့ အသံကို မပြုကြပါကုန်လင့်၊ ဤသူတို့သည် အသျှင်တို့ကို မမေး ကြပါကုန်၊ ဤသူတို့သည် ငါတို့ကို မေးကြပါကုန်၏၊ ငါတို့သည် ဤသူတို့အား ဖြေကြားပါကုန်အံ့'ဟု မြည်တမ်း သော်လည်း မရပေ။ ပုရာဏကဿပ၏ များစွာသောတပည့်တို့သည် 'သင်သည် ဤဓမ္မဝိနယကို မသိ၊ ငါသည် ဤဓမ္မဝိနယကို သိ၏၊ သင်သည် ဤဓမ္မဝိနယကို အသို့သိနိုင်အံ့နည်း?၊ သင်သည် မှားသော အကျင့်ရှိသူ ဖြစ်၏၊ ငါသည် မှန်သော အကျင့်ရှိသူ ဖြစ်၏၊ ငါ၏စကားသည် စေ့စပ်၏၊ သင်၏စကားသည် မစေ့စပ်၊ သင်သည် ရှေးဦးစွာဆိုသင့်သည်ကို နောက်မှ ဆို၏၊ နောက်မှ ဆိုသင့်သည်ကို ရှေးဦးဆို၏၊ သင်၏ ကြာမြင့်စွာ လေ့လာ ထားသောစကားသည် သင့်ဆီသို့ ပြန်လှည့်၍ တည်လေပြီ၊ သင့်အယူ၌ ရှိသော အပြစ်ကို ငါတင်ပြီ၊ သင်သည် အရေးနိမ့်ပြီ၊ ငါတင်ပြသော အပြစ်မှ လွတ်မြောက်ရန် ရှာကြံချေဦးလော့၊ အကယ်၍ စွမ်းနိုင်လျှင်လည်း ယခုပင် ဖြေရှင်းလော့'ဟု ဝွါတင်၍ ဖဲခွါသွားကြကုန်ခြင်း။ ဤသို့သော သက်သေသာ-ကတို့ကို ထောက်၍ ပုရာဏကဿပသည် ဂဏာစရိယတစ်ပါးဖြစ်သော်ငြားလည်း တပည့် များစွာတို့၏ ရိုသေလေးစားမှုကို မခံရသူ ဖြစ်ပါသည်။ (စာပိုဒ် ၂၃၉၊ မ၊ မြန်၂။ ၂၀၇/၈။ မ၊ ၂၊ ပါ ၁၉၅/၆)

---

၇။ ဝေခနသသုတ်လာ (က) သာသနာပ အယူဝါဒရှိသူများ သိနိုင်ခဲ့သော တရား ၃-မျိုး၊ (ခ) ယင်းတရား ၃-မျိုးကို သိနိုင်သောပုဂ္ဂိုလ်-တို့ကို ဖော်ပြ၍၊ အရှင်အာနန္ဒာအား ဘုရားရှင်ကိုယ်တော်မြတ်ကြီး မိန့်ကြားသော 'အန္တိမပုရိသပုဂ္ဂိုလ်' အမျိုးအစားကိုလည်း အများနားလည်အောင် ရှင်းပြခဲ့ပါ။

၇-အဖြေ

(က) ၁။ ကာမဂုဏ် ၂။ ကာမဂုဏ်ချမ်းသာ၊

၃။ ကာမဂုဏ်ချမ်းသာထက် မြတ်သော နိဗ္ဗာန်ချမ်းသာ။

(ခ) အာသဝေါကုန်ပြီးကုန်သော မဂ်အကျင့်ကို ကျင့်သုံးပြီးကုန်သော ပြုဖွယ်ကိစ္စကို ပြုပြီးကုန်သော ခန္ဓာဝန်ကို ချထားပြီးကုန်သော မိမိအကျိုးစီးပွားကို ရပြီးရောက်ပြီးကုန်သော သံယောဇဉ် ကုန်ပြီးကုန်သော ကောင်းစွာ သိသဖြင့် ကိလေသာမှ လွတ်ပြီးကုန်သော ရဟန္တာပုဂ္ဂိုလ်တို့ ဖြစ်ပါသည်။

(စာပိုဒ် ၂၈၀၊ မ၊ မြန်၊၂။ ၂၄၅။ မ၊ ၂၊ ပါ ၂၃၄)

အရှင်အာနန္ဒာအား ဘုရားရှင်ကိုယ်တော်မြတ်ကြီး မိန့်ကြားသော 'အန္တိမပုရိသပုဂ္ဂိုလ်'အမျိုးအစား-

ဘုရားရှင် ထားခဲ့သော မှန်စွာသိခြင်း၊ မှန်စွာကြံစည်ခြင်း၊ မှန်စွာပြောဆိုခြင်း၊ မှန်စွာပြုလုပ်ခြင်း၊ မှန်စွာ အသက်မွေးခြင်း၊ မှန်စွာ အားထုတ်ခြင်း၊ မှန်စွာ အောက်မေ့ခြင်း၊ မှန်စွာ တည်ခြင်း'ဟုဆိုအပ်သော ဤကောင်းမြတ်သည့် ကျင့်ဝတ်တရား မဂ္ဂင် ၈-ပါးသည် စင်စစ်ဧကန် ငြီးငွေ့ခြင်းငှာ တပ်မက်မှုကင်းခြင်းငှာ ချုပ်ငြိမ်းခြင်းငှာ ငြိမ်းအေးခြင်းငှာ အထူးသိခြင်းငှာ ထိုးထွင်း၍သိခြင်းငှာ နိဗ္ဗာန်အကျိုးငှာ ဖြစ်၏ ယောက်ျားကောင်းဖြစ်ပါလျက် ဤသို့သဘောရှိသော ကောင်းမြတ်သော ကျင့်ဝတ်တရား မဂ္ဂင် ၈-ပါးကို ဘုရားရှင် ထားခဲ့သည့်အတိုင်း ဆက်လက်မကျင့်ဘဲ ကျင့်ဝတ်ပြတ်သောသူသည် ထိုသူတို့တွင် 'အန္တိမပုရိသပုဂ္ဂိုလ်' အမျိုးအစား ဖြစ်ပါသည်။ ဤသို့ ဆိုလိုပါသည်။ (စာပိုဒ် ၃၁၆၊ မ၊ မြန်၊၂။ ၂၇၈။ မ၊ ၂၊ ပါ ၂၇၀)

၈။ မြတ်စွာဘုရားအပေါ် ပသေနဒီကောသလမင်းကြီး၏ လွန်လွန်ကဲကဲ ရိုသေလေးစားမှု ပြုရခြင်းအကြောင်း တို့တွင် နောက်ဆုံး အကြောင်းတစ်ခုကိုသာ ရေးခဲ့ပါ။

၈-အဖြေ

ဖြစ်စွာဘုရားလည်း မင်းမျိုးဖြစ်၍ ကောသလင်းမင်းလည်း မင်းမျိုး ဖြစ်ပါ၏၊ မြတ်စွာဘုရားလည်း ကောသလတိုင်းသား ဖြစ်တော်မူ၍ ကောသလမင်းလည်း ကောသလတိုင်းသား ဖြစ်ပါ၏၊ မြတ်စွာဘုရားလည်း သက်တော်ရှစ်ဆယ်ရှိတော်မူ၍ ကောသလမင်းလည်း အသက်ရှစ်ဆယ် ရှိပါ၏။ ဤသို့သော အကြောင်းကြောင့်လည်း မြတ်စွာဘုရားအပေါ် ပသေနဒီကောသလမင်းကြီးက လွန်လွန်ကဲကဲ ရိုသေလေးစားမှု ပြုရခြင်း ဖြစ်ပါသည်။ (စာပိုဒ် ၃၇၄၊ မ၊ မြန်၊ ၂။ ၃၃၀။ မ၊၂၊ ပါ ၃၂၆)

---

၉။ အောက်ပါ (က. ခ. ဂ)တို့၏ ဟောရာသုတ်ကို အတိအကျ ဖော်ပြခဲ့ပါ။

(က) ကိုယ်ဆင်းရဲ စိတ်ဆင်းရဲခြင်းတို့သည် ချစ်ခြင်းလျှင် အစအမွန် ရှိကြောင်း၊

(ခ) မုခ ၇-ဖြာ၊ အနုမောဒနာတရား၊

(ဂ) အမျိုးမြတ်သော်လည်း ကိုယ်ကျင့်သီလမှ မကောင်းလျှင် 'သူမြတ်'ဟု မခေါ်နိုင်ကြောင်း။

၉-အဖြေ

(က) ပိယဇာတိကသုတ်။ (မ၊ မြန် ၂။ ၃၁၃။ မ၊ ၂၊ ပါ ၃၀၉)

(ခ) သေလသုတ်။ (မ၊ မြန်၊ ၂၊ ၃၅၁။ မ၊ ၂၊ ပါ ၃၄၇)

(ဂ) ဧသုကာရီသုတ်။ (မ၊ မြန် ၂၊ ၃၉၃။ မ၊၂၊ ပါ ၃၈၈)

---

၁၀။ သုဘလုလင်သည် ပုဏ္ဏားတို့၏ အယူအဆနှင့်ပတ်သက်ပြီး ဘုရားရှင်အား မည်သို့လျှင် လျှောက်ထားပါသနည်း? (ပထမနည်းအလိုသာ)ဖြေဆို၍၊ ဘုရားရှင်သည် မည်သို့လျှင် ပြန်လည်ဖြေရှင်းပေးသည်ကိုလည်း ဖြေဆိုခဲ့ပါ။

၁၀-အဖြေ

သုဘလုလင်သည် မြတ်စွာဘုရားကို "အသျှင်ဂေါတမ လူဝတ်ကြောင်သည်သာလျှင် နည်းလမ်းမှန်သော ကုသိုလ် တရားကို ပြည့်စုံစေနိုင်၏၊ ရဟန်းသည် နည်းလမ်းမှန်သော ကုသိုလ်တရားကို မပြည့်စုံစေနိုင်'ဟု ပုဏ္ဏားတို့သည် ဤသို့ ပြောဆိုကြပါကုန်၏၊ အသျှင်ဂေါတမသည် ဤအရာ၌ အဘယ်သို့ ဆိုလိုပါသနည်း?"ဟု ဤစကားကို လျှောက်ထားပါသည်။ (စာပိုဒ် ၄၆၂၊ မ၊ မြန်၊ ၂၊ ၄၁၉။ မ၊ ၂၊ ပါ ၄၁၃)

ဘုရားရှင်က ပြန်လည်ဖြေရှင်းပေးပုံ-

ဘုရားရှင်သည် "လုလင် ဤနေရာ၌ ငါသည် ခွဲခြားဝေဖန်၍ ဟောကြားလေ့ ရှိ၏၊ ဤအရာ၌ ငါသည် တစ်ဖက်သတ်အားဖြင့် ဟောကြားလေ့ မရှိ။ လုလင် ငါသည် လူဝတ်ကြောင်၏သော်လည်းကောင်း ရဟန်း၏ သော်လည်းကောင်း မှားသော အကျင့်ကို မချီးကျူး။ လုလင် မှန်၏၊ လူဝတ်ကြောင်သည်သော်လည်းကောင်း ရဟန်းသည်သော်လည်းကောင်း မှားသောအကျင့်ကို ကျင့်သည်ဖြစ်အံ့၊ မှားသောအကျင့်ကို ကျင့်ခြင်းဟူသော အကြောင်းကြောင့် နည်းလမ်းမှန်သော ကုသိုလ်တရားကို မပြည့်စုံစေနိုင်။ လုလင် ငါသည် လူဝတ်ကြောင် ၏သော်လည်းကောင်း ရဟန်း၏သော်လည်းကောင်း မှန်ကန်သောအကျင့်ကို ချီးကျူး၏။ လုလင် မှန်၏၊ လူဝတ်ကြောင်သည်သော်လည်းကောင်း ရဟန်းသည်သော်လည်းကောင်း မှန်ကန်သောအကျင့်ကို ကျင့်သည် ဖြစ်အံ့၊ မှန်ကန်သောအကျင့်ကို ကျင့်ခြင်းဟူသောအကြောင်းကြောင့် နည်းလမ်းမှန်သော ကုသိုလ်တရားကို ပြည့်စုံစေနိုင်၏"ဟု ပြန်လည်ဖြေရှင်းပေးပါသည်။ (စာပိုဒ် ၄၆၃၊ မ၊ မြန်၊ ၂၊ ၄၁၉။ မ၊ ၂၊ ပါ ၄၁၃/၄)

---

**မဇ္ဈိမပဏ္ဏာသပါဠိတော်မြန်မာပြန်**

**အဖြေများ ပြီးပြီ**

🍁စာသာ တော်၊ စိတ်  မတော်၊
ကျောင်းတော် မထားနှင့်။

🍁စာကား မတော်၊ စိတ်ကား တော်၊
ထားနော် စဉ်းစားသင့်။

🍁စာလည်းမတော်၊ စိတ်လည်း မတော်၊
မြန်မြန် နှင်ထုတ်သင့်။

🍁စာကလည်း တော်၊ စိတ်လည်းတော်၊
မပျော် ပျော်အောင် မွေးလေလင့်။

မြစကြာတိုက်တည်ဆရာတော်